ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ ပြာသိုလဆန်း ၃ ရက်၊ သောကြာနေ့၊ (7-1-2011) (၆၆၃၇)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့်ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရမည်းသင်းမြို့ရှိ ဆပ်ပြာစက်ရုံနှင့် ဝါကြိတ်စက်ရုံ ဝန်ကြီး ဦးအောင်သောင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၆

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ဇန်နဝါရီ ၅ ရက် မွန်းလွဲပိုင်းတွင် မြန်မာ့ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်း ဆပ်ပြာစက်ရုံ(ရမည်းသင်း)သို့ ရောက်ရှိပြီး စက်ရုံအတွင်း ဆပ်ပြာထုတ်လုပ်မှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေး၍ အရည်အသွေး ကောင်းမွန်ရန်နှင့် ကုန်ထုတ်လုပ်မှုရည်မှန်းချက်များ အောင်မြင်အောင်ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

ထိုမှတစ်ဆင့် ဝင်းသူဇာ အရောင်းဆိုင် (ရမည်းသင်း)သို့ ရောက်ရှိပြီး စာရေးကိရိယာနှင့် လူသုံးအိမ်သုံးပစ္စည်းများ ရောင်းချမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းလိုအပ်ချက်များ မှာကြားခဲ့သည်။

ထို့နောက် ရမည်းသင်း ဝါကြိတ်စက်ရုံသို့ ရောက်ရှိပြီး စက်ရုံဝင်းအတွင်း ဖွင့်လှစ်ထားသော ငွေချည်(၆) အဝယ်ဒိုင်၌ ဝါဝယ်ယူမှု၊ ချိန်တွယ်စစ်ဆေးမှု အခြေအနေနှင့် ဝယ်ယူထားသော ဝါများအား သိုလှောင်ရုံအတွင်း ဝါအမျိုးအစားအလိုက် စနစ်တကျ သိုလှောင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေး၍ ဝါတောင်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ ဝါစိုက်ရာသီတွင် ဝါတောင်သူများ ဝါမျိုးကောင်းမျိုးသန့်များ အထွက်တိုးစိုက်ပျိုးနိုင်ရေး ကိစ္စရပ်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း နေပြည်တော်ခရိုင် တပ်ကုန်းမြို့မ ဝါအဝယ်ဒိုင်၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ယင်းနောက် ဝါကြိတ်စက်ရုံအတွင်း ဝါကြိတ်ခွဲနေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းလိုအပ်ချက်များ မှာကြားခဲ့သည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် နေပြည်တော်ခရိုင် တပ်ကုန်းမြို့မ ဝါအဝယ်ဒိုင်သို့ ရောက်ရှိပြီး ဝါဝယ်ယူမှု အခြေအနေကို ကြည့်ရှုစစ်ဆေး၍ ဝါစိုက်တောင်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံကာ ငွေချည်(၆) အထွက်တိုးဝါများ စိုက်ပျိုးနိုင်ရေး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကွဲ့ရှင်းတံတား

အရှည်ပေ ၁၈၀ ရှိသည့် ကွဲ့ရှင်းတံတား ပြီးစီးမှု အခြေအနေကို တွေ့ရစဉ်။

သတင်းမှတ်စုနှင့် ဓာတ်ပုံ ဖိုးသော်ဇင်

ဖွံ့ဖြိုးတိုးတက်မှုကို လှစ်ဟပြမည့် ပျဉ်းမနား-တောင်ညို (၄)လမ်းသွား လမ်းမကြီး

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုတွင် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုက အရေးပါလှသည်။ ယခင်က လမ်းပန်းဆက်သွယ်ရေး မကောင်းမွန်ခဲ့ခြင်းကြောင့် ဒေသတစ်ခုနှင့်တစ်ခု၊ တစ်နယ်နှင့်တစ်နယ် သွားလာမှုခက်ခဲခဲ့ရပြီး ဖွံ့ဖြိုးတိုးတက်မှုများ နှေးကွေးခဲ့ရသည်။ တပ်မတော်အစိုးရလက်ထက်တွင် နိုင်ငံတစ်ဝန်း လမ်းများ၊ တံတားများ ဖောက်လုပ်အကောင်အထည်ဖော်ခဲ့ရာ ယခုဆိုလျှင် ဒေသတစ်ခုနှင့် တစ်ခုကို လျင်မြန်ချောမောစွာ ကူးလူးသွားလာနိုင်နေပြီဖြစ်သည်။

လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာမှုကြောင့် နယ်စပ် ဒေသများပါမကျန် တိုးတက်ဖွံ့ဖြိုးလာခဲ့ပြီး စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး စသည့် ကဏ္ဍများတွင်လည်း တိုးတက်လာခဲ့သည်။ ယခင်ကလို အနေနီးသော်လည်း အလှမ်းဝေးရသည့် အဖြစ်မျိုး မဖြစ်နိုင်တော့။ တစ်နယ်နှင့် တစ်နယ်၊ ဒေသတစ်ခုနှင့် တစ်ခု ကူးချည် သန်းချည် သွားလာနိုင်ရန် ကားလမ်းများက အသင့်ရှိနေပေပြီ။ မြစ်၊ ချောင်းခြားနေ၍ မြင်ရသော်လည်း မသွားနိုင် မလာနိုင် ဖြစ်ခဲ့ရသည်။ ယခုအခါ နိုင်ငံတော်အစိုးရ၏ စေတနာကြောင့် တံတားကြီး/ငယ်များ နေရာဒေသမရွေး ဆောက်လုပ် အကောင်အထည်

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖

ပျဉ်းမနား-တောင် ညို လမ်းပိုင်းအား အ ချိန် မီ ပြီးစီးရန် ဤသို့ ဆောင်ရွက်ကြစဉ်။

ကြေးမုံ The Mirror
၇-၁-၂၀၁၁
(သောကြာနေ့)

စက်စွမ်းအားပြည့်လည်ပတ် ထုတ်လုပ်နိုင်အောင်စွမ်းဆောင်

နိုင်ငံ၏ စီးပွားရေးသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသည်။ နှစ်စဉ် သီးနှံစုံ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်လာရေး ဦးတည်ကြိုးပမ်းလျက်ရှိရာ ဆန်စပါးနှင့် ပဲမျိုးစုံထုတ်လုပ်မှု မြင့်မားသော နိုင်ငံအဆင့်သို့ ရောက်ရှိလာခဲ့ပြီ။ လက်ရှိလူဦးရေအတွက်သာမက နောင်တိုးပွားလာမည့် လူဦးရေအတွက်ပါ စားနပ်ရိက္ခာ ဖူလုံပြည့်စုံနေပြီ။

နိုင်ငံ၏ အနာဂတ် ရည်မှန်းချက်သည် စက်မှုနိုင်ငံကြီး ထူထောင်နိုင်ရေးဖြစ်သည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စက်မှုနိုင်ငံအဖြစ် တစ်ဆင့်မြင့်တက်လှမ်းနိုင်ရေး ဆက်လက်ကြိုးပမ်းကြရပေဦးမည်။ စက်မှုနိုင်ငံအဖြစ် ကူးပြောင်းတက်လှမ်းရာတွင် အခြေခံလိုအပ်သည့် လျှပ်စစ်စွမ်းအားများ ဖြည့်ဆည်းပေးနိုင်မည့် လျှပ်စစ်ဓာတ်အားပေး စက်ရုံကြီးများကိုလည်း တည်ဆောက်ဖွင့်လှစ်ပေးနေသည်ကို တွေ့ရသည်။

စက်ရုံကြီးများ၊ စက်မှုလုပ်ငန်းကြီးများ ပေါ်ထွက်လာစေရန် စက်မှုနယ်မြေများ၊ စက်မှုဇုန်များကို သင့်လျော်သည့် ဒေသများတွင် ထူထောင်ထားရှိနေပြီ။ စက်ရုံ အလုပ်ရုံ အသစ်များစွာကို တိုးချဲ့တည်ဆောက်ဖွင့်လှစ်နိုင်နေပြီ။ အကြီးစား စက်မှုလုပ်ငန်းများနှင့် သွင်းကုန်အစားထိုးကုန်ထုတ်လုပ်ငန်းများ အရှိန်ရစပြုနေပြီ ဖြစ်သည်။

မကွေးတိုင်းဒေသကြီး မကွေးစက်မှုနယ်မြေတွင်အကြီးစားမော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံ(မကွေး) အပါအဝင် အမှတ်(၂)လယ်ယာသုံးစက်ပစ္စည်းထုတ်လုပ်မှုစက်ရုံ(မလွန်)၊ စက်နှင့်စက်ပစ္စည်း ကိရိယာထုတ်လုပ်မှု စက်ရုံ(မြိုင်)၊ စက်မှုသင်တန်းကျောင်း(မကွေး)နှင့် စက်မှုသင်တန်းကျောင်း(ပခုက္ကူ)တို့ ပါဝင်ဖွဲ့စည်းထားသည်။

မကွေးစက်မှုနယ်မြေရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန၏ အမှတ်(၃) မော်တော်ယာဉ်ထုတ်လုပ်မှု စက်ရုံ(မကွေး)ကို ဒီဇင်ဘာ ၃၁ ရက်က ဖွင့်လှစ်လိုက်သည်။ တစ်နှစ်လျှင် မော်တော်ယာဉ်အစီးရေ ၅၀၀၀ နှင့် မော်တော်ယာဉ်၌ တပ်ဆင်အသုံးပြုမည့် စက်ပစ္စည်းအစိတ်အပိုင်းများ ထုတ်လုပ်သွားမည်ဖြစ်သည်။ အဆိုပါ စက်ရုံတွင် ပြည်တွင်း စက်မှုဇုန်များရှိ မော်တော်ယာဉ်ထုတ်လုပ်သူများ နည်းပညာ နမူနာရယူနိုင်ကြမည် ဖြစ်သည်။

ယခုအခါ နိုင်ငံပိုင် စက်ရုံပေါင်း ခြောက်ရာကျော်ရှိနေပြီ။ ပုဂ္ဂလိကကဏ္ဍ စက်မှုလုပ်ငန်းများ တိုးတက်လာလျက်ရှိသည်။ အဆင့်မြင့်နည်းပညာများ အသုံးပြုနိုင်မည့် ကျွမ်းကျင်ပညာရှင်များလည်း မွေးထုတ်ပေးနေပြီ။ ဈေးကွက်တွင် နိုင်ငံတကာ ထွက်ကုန်ပစ္စည်းများနှင့် ယှဉ်ပြိုင်ဖြန့်ဖြူးနိုင်ရေး အရေးအတွက်သာမက အရည်အသွေး စံချိန်မီထုတ်လုပ်နိုင်ရေး အလေးထားကြရပေမည်။ စက်ရုံတိုင်းက စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်သွားနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြခြင်းဖြင့် စက်မှုနိုင်ငံတော် ထူထောင်နိုင်ရေး ရည်မှန်းချက် ခရီးရောက်အောင်မြင်လာမည် ဖြစ်ပါသည်။ ။

အဆင့်မြင့် ICT/ Network Professional သင်တန်းများ မန္တလေးမြို့၌ ဖွင့်လှစ်မည်

ရန်ကုန် ဇန်နဝါရီ ၆

မြန်မာ အိုင်စီတီနည်းပညာရပ်များ ပိုမိုဖွံ့ဖြိုးစေရန်နှင့် လက်တွေ့လုပ်ငန်းခွင်တွင် ကျွမ်းကျင် Professional များအဖြစ် ဝင်ရောက်နိုင်စေရန်အတွက် M.S.T Computer Centre မှ ICT/ Networking ဘာသာရပ်များကို အခြေခံမှ စ၍ နိုင်ငံတကာအသိအမှတ်ပြုသော Professional အောင်လက်မှတ်များ ရယူနိုင်သည်အထိ မန္တလေးမြို့တွင် သင်ကြားပို့ချသွားမည်ဟုသိရှိရသည်။

ကွန်ပျူတာ ICT/ Network နည်းပညာရပ်များသည် တစ်နေ့တခြား တိုးတက်ပြောင်းလဲလာပြီး ရုံး၊ ကုမ္ပဏီ၊ အဖွဲ့အစည်း၊ ကျောင်း၊ဘဏ်၊ ဌာနဆိုင်ရာများတွင် တွင်တွင်ကျယ်ကျယ် အသုံးပြုလျက်ရှိသည်။ ကွန်ရက်ချိတ်ဆက်မှုနည်းပညာရပ်များ၊ ထိန်းသိမ်းပြုပြင်အဆင့်တိုးမြှင့်ခြင်းများနှင့် သတင်းအချက်အလက်နည်းပညာရပ် လုံခြုံရေးစနစ်များကို ပိုင်နိုင်ကျွမ်းကျင်စွာ ကိုင်တွယ်နိုင်သော Network Engineer များ၊ Network Professional များအဖြစ် လုပ်ငန်းလုပ်ဆောင်နိုင်စေရန်နှင့် လုပ်ငန်းခွင်သို့ ဝင်ရောက်နိုင်စေရန်အတွက် အခြေခံမှစ၍ စနစ်တကျ စာတွေ့ လက်တွေ့ သင်ကြားကြရမည်ဖြစ်သည်။ ENE Essential Network Engineering သင်တန်းတွင် သင်ထောက်ကူ စုံလင်စွာဖြင့် Networking အခြေခံသဘောတရားများ၊ Cabled/ Wireless နည်းပညာရပ်များ၊ Windows Server 2003/2008 Administration များ၊ Server-Domain Services များနှင့် Network Security ဘာသာရပ် အစရှိသည်တို့ကို သင်ကြားကြရမည်ဖြစ်သည်။

Microsoft MCTS/ MCITP, Cisco CCNA-CCNP နှင့် Wireless CWNP အစရှိသော နိုင်ငံတကာ အသိအမှတ်ပြု နည်းပညာစာမေးပွဲများကို မန္တလေးမြို့တွင် ဖြေဆိုနိုင်မည်ဖြစ်ကြောင်းလည်း သိရှိရသည်။သင်တန်းသားဦးရေကို ကန့်သတ်ထားပြီး သင်တန်းပြီးဆုံးပါက OJT ဆင်းခွင့်ရရှိမည်ဖြစ်သည်။ အပတ်စဉ် နည်းပညာဟောပြောပွဲများနှင့် သရုပ်ပြဆောင်ရွက်မှုများပါဝင်ပြီး သင်တန်းပြီးဆုံးပါက Network Engineer များ၊ Network Professional များအဖြစ် ရပ်တည်နိုင်မည်ဖြစ်သည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အမှတ်(B- ၃/၆) (၇၇)လမ်း (၇၈)လမ်းကြား (၃၃)လမ်း (၃၂)လမ်းကြား ဇေယျာတိကလမ်းသွယ် မန္တလေးမြို့ ဖုန်း- ၀၉-၅၅၀၄၅၃၂၊ ၀၉-၄၉၂၂၄၂၅၅၊ ၀၉-၆၈၀၆၉၁၁ (ext: ၂၀၇) ဖုန်း-၀၉-၅၁၂၆၁၀၈ တို့သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံခြားရေးဝန်ကြီးဌာန မော်ကွန်းနှင့်စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၆

နိုင်ငံခြားရေးဝန်ကြီးဌာန မော်ကွန်းနှင့်စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃ ရက် နံနက် ၈ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန မော်ကွန်းနှင့် စာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းက အမှာစကားပြောကြားပြီး ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်တို့က မော်ကွန်းနှင့် စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

ဖဲကြိုးဖြတ် ဖွင့်လှစ်

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းနှင့် ဒုတိယဝန်ကြီး ဦးမောင်မြင့်တို့ နိုင်ငံခြားရေးဝန်ကြီးဌာန မော်ကွန်းနှင့် စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံစာဆိုတော်နေ့ အထိမ်းအမှတ် ကမာရွတ်မြို့နယ်၌ စာပေဟောပြောပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၆

၁၃၇၂ ခုနှစ် စာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် စာပေဟောပြောပွဲကို ဇန်နဝါရီ ၄ ရက်က ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အထက(၅) သပြေခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခိုင်ထွန်းဆွေ၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင် စာရေးဆရာ၊ ဆရာမများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ စာဖတ်ပရိသတ်များ တက်ရောက်ကြသည်။

အခမ်းအနားမှူးအဖြစ် စာရေးဆရာမ ဆုကဗျာနှင့် လဲ့ဝင်းကြည်(ချို)တို့က ဆောင်ရွက်ကြ၍ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ၏ သဝဏ်လွှာကို မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်ဌေး(ထိယု)က ဖတ်ကြားပြီး မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဦး (နွယ်ဦးလှိုင်)က စာပေဟောပြောပွဲပြုလုပ်ရခြင်းနှင့် ကျေးဇူးတင်စကားကိုပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)၊ မောင်စိန်ဝင်း (ပုတီးကုန်း) နှင့် ဂျူးတို့က မိဘမေတ္တာနှင့် အခြားသုတ၊ ရသဆိုင်ရာများကို ဟောပြောကြသည်။ ဆက်လက်၍ ကျေးဇူးကြီးလှ မိနှင့်ဖ အဖွဲ့နာယက ဦးအောင်ကြီး(အောင်စည်းစိမ်ကျောက်မျက်လုပ်ငန်း)က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသို့ ငွေကျပ်တစ်သိန်း၊ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့သို့ ငွေကျပ်နှစ်သိန်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၁၃၇၂ ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)ဟောပြောစဉ်။ (သတင်းစဉ်)

အလှူငွေပေးအပ်ပွဲ ကျင်းပ

ညောင်လေးပင် ဇန်နဝါရီ ၆

ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း) ညောင်လေးပင်မြို့ "စေတနာ" လူမှုကူညီရေးအခမဲ့အသင်းသို့ မြတ်သောဒါနရာသက်ပန် ထာဝရဆေးပဒေသာပင်အတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၅ ရက်က အဆိုပါအသင်းဆေးခန်း၌ ကျင်းပရာ ရန်ကုန်မြို့ ဘုရင့်နောင်ပွဲရုံနေ ဒေါ်လှငြိမ်းက ငွေကျပ် ၁၃၉၀၀၀၀၊ (ဦးနေလင်း)၊သား ကိုအောင်ဇော်လင်း(ခ) ဘိုတီးအား ရည်စူး၍ဇနီး ဒေါ်မြင့်မြင့်ရီ၊ သား၊ သမီး၊ မြေးတစ်စုက ငွေကျပ် ၁၅၀၀၀၀၀၊ ဦးမြင့်ဝေ-ဒေါ်တင်တင်လှ၊ သား၊ သမီး၊ မြေးတစ်စုက ငွေကျပ် ၁၀၀၀၀၀၀ နှင့် ဦးအောင်ငွေ-(ဒေါ်ခင်မိုးလှိုင်)သား၊သမီး၊ မြေးတစ်စုက ငွေကျပ် ၁၀၀၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းရာ အသင်းနာယကများဖြစ်ကြသော ဒေါက်တာ ဦးမြင့်သန်းနှင့် ဒေါက်တာ ဇော်ဝင်းမြင့်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

(ကြေးမုံ)

၁၃၇၂ ခုနှစ် စာဆိုတော်နေ့ အခမ်းအနားကို ဒီဇင်ဘာ ၁၁ ရက်က ပခုက္ကူမြို့ အမှတ် (၃) အခြေခံပညာ အလယ်တန်းကျောင်း သီတာခန်းမ၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမျိုးသန်းနှင့် မြို့နယ်စာပေနှင့် စာနယ်ဇင်းဥက္ကဋ္ဌ ဒေါ်စောကြိုင်တို့ အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်း (ဗဟို)မှ ပေးပို့သော စာဆိုတော်နေ့ သဝဏ်လွှာကို မြို့နယ် စာပေနှင့်စာနယ်ဇင်း အတွင်းရေးမှူး ဦးအောင်မင်း (ဖိုးအောင်-အညာမြေ) ဖတ်ကြားစဉ်။ (ကြေးမုံ)

ကျောက်တံတားမြို့နယ် အမှတ် (၆) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၁၇ ရက်က အဆိုပါ ကျောင်းခန်းမ၌ ကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရရှိသော မစုပိုင်နှင်းအား ကျောင်းအုပ်ကြီး ဦးလှကြည် ဆုချီးမြှင့်စဉ်။ (ခရိုင်ပြန်/ဆက်)

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ တာချီလိတ်လေဆိပ် လေယာဉ်ပြေးလမ်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ တာချီလိတ်လေဆိပ် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၆

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေသည် ဇန်နဝါရီ ၅ ရက် နံနက် ၈ နာရီခွဲတွင် တာချီလိတ်လေဆိပ်သို့ရောက်ရှိရာ ရှေးဦးစွာ ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန လေယာဉ်ကွင်းပုံထုတ်လုပ်ရေးနှင့် တည်ဆောက်ရေးညွှန်ကြားရေးမှူး ဦးကျော်စိုးက လေယာဉ်ကွင်းဖောက်လုပ်မှု လုပ်ငန်းဆိုင်ရာများဖြစ်သည့် နိုင်လွန်ကတ္တရာခင်းခြင်း၊ ရေနုတ်မြောင်းပြုပြင်ခြင်း၊ ထပ်ပိုးလွှာတင်ခြင်း၊ လေယာဉ်ရပ်နားရန်နေရာနှင့် ညအချိန် ဆင်းသက်နိုင်ရန် လေယာဉ်ပြေးလမ်း အချက်ပြမီးတပ်ဆင်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးက တာချီလိတ်လေယာဉ်ကွင်းကို လေယာဉ်များ အန္တရာယ်ကင်းစွာ ဆင်းသက်သွားလာနိုင်အောင် ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ လေယာဉ်များ အချိန်မရွေးဆင်းသက်နိုင်အောင် အထောက်အကူ ပစ္စည်းများဖြစ်သည့် ILS VOR စနစ်များလည်း တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း၊ တိုးတက်များပြားလာမည့် ခရီးသည်များအပေါ် မူတည်၍ လိုအပ်သည်များ ကြိုတင်စဉ်းစားလုပ်ဆောင်သွားကြရန်လိုကြောင်း၊ လေယာဉ်ကွင်းကို ရေစီးရေလာကောင်းမွန်အောင် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက် လုပ်ဆောင်သွားရန်လိုကြောင်း၊ နယ်စပ်ဒေသ လေဆိပ်ဖြစ်သည့်အတွက် လုံခြုံရေးကို အထူးအလေးထား ဆောင်ရွက်ကြရန်လိုကြောင်းဖြင့် မှာကြားခဲ့သည်။

ထို့နောက် ခရီးသည် ဝင်/ထွက် စစ်ဆေးမှု အခြေအနေများ၊ လေယာဉ်ပြေးလမ်းနှင့် ပြေးလမ်းမီးတပ်ဆင်ထားမှု အခြေအနေများ၊ ပြေးလမ်း ထပ်မံတိုးချဲ့ဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန်လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၁၁ ခုနှစ် ဇန်နဝါရီလအတွက်
(၉-၁-၂၀၁၁)ရက်နေ့
နှင့်
(၃၀-၁-၂၀၁၁)ရက်နေ့

အခြေခံမြေတိုင်းနှင့် ခေတ်မီမြေတိုင်း သင်တန်းဖွင့်

ရန်ကုန် ဇန်နဝါရီ ၆

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန လုပ်ငန်းခွင် မြေတိုင်းတာခြင်းနှင့် မြေစာရင်းသင်တန်း အမှတ်စဉ်(၃၂)နှင့် တန်းမြင့်မြေတိုင်းသင်တန်း အမှတ်စဉ်(၁၅) ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့ ဗဟိုမြေစာရင်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း၌ ယနေ့နံနက်ပိုင်းက ကျင်းပရာ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးမန်းစိုးဟန် တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။ **(ယာပုံ)**

အဆိုပါ အခမ်းအနားသို့ သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးသန်းနှင့် ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား ၂၅၀ တို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ငါးလခွဲကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(ကြေးတိုင်/မြေစာရင်း)

အထက(၁)ပုဇွန်တောင် မြတ်ဆရာပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၆

အထက(၁)ပုဇွန်တောင် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၇)ကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲနှင့် တွေ့ဆုံပွဲကို ဇန်နဝါရီ ၉ ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။ အခမ်းအနား၌ ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဖြေဆိုအောင်မြင်ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းကို ထည့်သွင်းကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများ၊ ဂုဏ်ပြုခံကျောင်းသား၊ ကျောင်းသူများ ကြွရောက်ကြရန် ဖိတ်ကြားထားကြောင်းနှင့် အလှူငွေများကို ဦးအုန်းမြင့်၊ ဒေါ်ကျင်ရီလေး ဖုန်း- ၀၁-၂၉၈၈၀၆နှင့် ၀၉-၅၁၀၃၉၄၈၊ ဦးအုန်းကျော် ဖုန်း-၀၁-၅၈၀၁၁၀၊ ဒေါ်ခင်စန်း ဖုန်း-၀၁-၅၄၃၁၆၃၊ ဦးဝင်းမောင် (မောင်ခေတ်ထွန်း) ဖုန်း-၀၉-၅၁၇၄၅၂၁၊ ဒေါ်လှစိုးကြည် ဖုန်း-၀၁-၂၉၅၁၂၃၊ ဦးကျင်ဖေ ဖုန်း-၀၉-၅၁၃၉၆၉၅၊ ဗိုလ်မှူးစိုးပိုင် ဖုန်း-၀၉-၈၆၂၆၉၆၂၊ ဦးအောင်ခိုင် ဖုန်း -၀၁-၂၉၇၄၅၀၊ ဦးတင်ထွန်းအောင် ဖုန်း-၀၁-၂၀၂၆၀၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)



အသက်(၆၅)နှစ်နှင့်အထက် နှစ်ယောက်တွဲ တင်းနစ်ပြိုင်ပွဲဖွင့်

ရန်ကုန် ဇန်နဝါရီ ၆

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ကကြီးမှူး၍ Myanmar International School Yangon (MISY) ၏ အဓိက ပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် အသက်(၆၅)နှစ်နှင့်အထက် ရန်ကုန်တိုင်းဒေသကြီးအတွင်း နေထိုင်သူများ၏ နှစ်ယောက်တွဲ တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁ ရက် နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ Myanmar International School Yangon (MISY) ၏ Board of Director နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်မော်သိန်းနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် တင်းနစ် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ Myanmar International School Yangon ၏ Board of Director က ပြိုင်ပွဲကျင်းပခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် အကြံပေးအရာရှိ ဦးညီညီက အမှာစကားပြောကြားကာ ပြိုင်ပွဲကို ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် နှစ်ယောက်တွဲပေါင်း (၁၀)တွဲ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး နံနက် ၇ နာရီခွဲ တွင် တစ်ကြိမ်နှင့် ညနေ ၄ နာရီခွဲတွင် တစ်ကြိမ် တစ်နေ့နှစ်ကြိမ်ဖြင့် ဇန်နဝါရီ ၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဇန်နဝါရီ ၆ ရက်က လသာမြို့နယ် အမှတ်(၂) အခြေခံ ပညာ အထက်တန်းကျောင်း ပညာရည်ချွန် ဆုချီးမြှင့်ပွဲ၌ ထူးချွန်ဆုရရှိသူ ဒုတိယတန်း(A)မှ မအေးရတနာမင်းအား ဆရာမ တစ်ဦးက ဆုချီးမြှင့်စဉ်။
(သတင်းစဉ်)

မြန်မာနိုင်ငံပြန်တမ်း

နေပြည်တော် ဇန်နဝါရီ ၆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်(ရန်ကုန်)မှ ပါမောက္ခ ဒေါက်တာနေစိုးမောင်အား ယင်းတက္ကသိုလ် ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၇-၁-၂၀၁၁ (သောကြာနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ အာဋာနာဋိယသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "အမြဲကောင်းလေးပါး" တရားတော် (ဆရာတော်ဓမ္မဒူတ အရှင်ပညာဝရ)
- ၆း၄၀ တောင်းဆုအမှန်ပြည့်မည်ကေန် (ကျိုက်ထိုမဟာမုနိသွန်းဘုရား)
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၂၈)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၉၅)**
- ၈း၃၀ Fashion Music Festival (Part-25)
- ၉း၀၀ "သာသနာအကျိုးရှက်သယ်ပိုးရာ မြတ်သောအလှူတော်မင်္ဂလာ"
- ၉း၁၅ ပဲခူးဒီဂရီကောလိပ်ခေတ်သုံးခေတ် ကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ပွဲ
- ၉း၃၀ Movie Talk (ဒါရိုက်တာကြည်စိုးထွန်း၊ ဦးကြည်စိုး) (အပိုင်း-၂)
- ၁၀း၀၀ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
- ၁၀း၂၀ ဖက်ရှင်လမ်းညွှန် (မင်္ဂလာပြက္ခဒိန်အထူးအစီအစဉ်) (ပြည်စိုးအောင်)
- ၁၀း၃၅ သူတို့ပြောတဲ့သူတို့အကြောင်း (ဖူးစုံနှင့် တွေ့ဆုံခြင်း)
- ၁၁း၀၅ Activities In The City (KOICA မှ ပြုလုပ်ကျင်းပသော "World Friends Korea Conference")
- ၁၁း၂၅ MRTV-4 ကာတွန်းအစီအစဉ်
- ၁၁း၅၅ ယဉ်ကျေးမှုထွန်းကားရာနှင့် ယဉ်ကျေးမှုအစဉ်အလာ
- ၁၂း၁၅ ရန်ကုန်မြင်ကွင်းကျယ် [ဧရာဝတီတိုင်းဒေသကြီး ဒေသကောလိပ် (ပုသိမ်)၏ ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲ]
- ၁၂း၃၀ အထက(၄) မရမ်းကုန်း၏ နဝမအကြိမ်အာစရိယပူဇော်ပွဲ
- ၁း၀၀ "အမြဲကောင်းလေးပါး" တရားတော် (ဆရာတော်ဓမ္မဒူတ အရှင်ပညာဝရ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ ဂီတသမားတို့ရဲ့ ရင်ခုန်သံများ (Dagon K-Tour)
- ၂း၃၅ Activities In The City [သန်လျင်မြို့ ခေမာရာမသီလရှင်စာသင်တိုက်၏ (၂၂)ကြိမ်မြောက် ပဌာန်းအောင်ပွဲ]
- ၂း၄၀ ပြင်ဦးလွင်မြို့မှ ပြင်ဦးလွင်စတား ဆွယ်တာလုပ်ငန်း
- ၃း၀၅ ရန်ကုန်မြင်ကွင်းကျယ် (The Launching Ceremony of Orthopacdic Instruments and Implants of Pitkar Orthotool Rt Ltd.)
- ၃း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၂၈)**
- ၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၉၅)**
- ၄း၃၀ အမျိုးသမီးများအတွက် Queen's Rose
- ၄း၄၅ ဗဟုသုတများစုဆောင်းရာ Knowledge Bank
- ၅း၀၅ The Champion of Dance
- ၅း၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ ပန်းချီပြခန်း (November Days Art Exhibition)
- ၆း၃၀ Activities In The City (KALBLE International (Yangon Branch) မှ ကျင်းပပြုလုပ်သည့် ဆရာဝန်ကြီးများအား ဂါရဝပြု မိတ်ဆုံစားပွဲ)
- ၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၂၉)**
- ၇း၁၅ Fashion Music Festival (Part-26)
- ၈း၁၀ MRTV-4 သတင်း
- ၈း၃၀ ဆူးလေစေတီတော် ဘက်စုံမွမ်းမံပြန်လည်တည်ဆောက်ရေး
- ၈း၃၅ သက်တံရောင်ကမ္ဘာထဲက TOA COLOR WORLD
- ၉း၀၀ အနုပညာမိုးကောင်းကင်
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၉၆)**
- ၁၀း၀၅ VJ Choice
- ၁၀း၃၅ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ "ယောက္ခမက ရှော့ခ်စတား"
- ၁၁း၀၀ သတ္တုတူးသောရွာကလေး
- ၁၁း၁၀ ပန်းပုပန်းချီ တုမမီအောင် လက်ရာစုံပေသည်
- ၁၁း၂၅ ဂီတသရုပ်ပြခန်း (ဇေယျာနိုင် Selection)
- ၁၁း၄၅ World of Knowledge (Planet Mechanics)
- ၁၂း၁၀ ၂၅ မိုင် ဇိမ်နဲ့ ထိုင်နင်းစရာမလိုတဲ့ စက်ဘီး(မင်းရာဇာ၊ စိုးရန်အောင်၊ သီရတီ၊ ချမ်းမေမြတ်နိုး) [ဒါရိုက်တာ-ဒေါက်တာတင်အောင်ရွှေ (သုတေသီ)]
- ၁၂း၄၅ Treasure From The Earth (အပိုင်း-၂)
- ၁း၁၀ ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (သူရိန်မောင်မောင်)
- ၁း၃၀ အလှဆင်စရာပရိဘောဂကမ္ဘာ (Myanmar KEK Group Co., Ltd.)
- ၁း၅၀ Box Office Movies(Avator)
- ၂း၁၀ အဖိုးတန်သော သဘာဝ သယံဇာတမြေ ဟူးကောင်း
- ၂း၂၀ မင်းကွန်းရိုးရာလက်မှုအနုပညာ
- ၂း၄၀ စနစ်တကျစိုက်ပျိုးသစ်ခွအမျိုးမျိုး
- ၃း၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄း၀၀ လှပသစ်ဆန်းအလှပြင်ခန်း (Expression)
- ၄း၂၀ သုခရိပ်မြုံဂေဟာမှ ပွင့်လန်းနေသော ပန်းကလေးများ
- ၄း၄၀ ပရအကျိုးတို့ သယ်ပိုးစို့
- ၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။
တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ ကမ္ဘာ့နိုင်ငံအကြီးအကဲများ ဝမ်းမြောက်သဝဏ်လွှာများပေးပို့

နေပြည်တော် ဇန်နဝါရီ ၆

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့လည်းကောင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံသို့လည်းကောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ထံသို့လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းထံသို့လည်းကောင်း ကမ္ဘာ့နိုင်ငံအကြီးအကဲများက ဝမ်းမြောက်သဝဏ်လွှာများ ပေးပို့လျက်ရှိသည်။

ဩစတြေးလျနိုင်ငံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့ ဩစတြေးလျ ဓနသဟာယနိုင်ငံ ဘုရင်ခံချုပ် မစ္စကွင်တင်းဘရိုက်(စ်)ထံမှ ပေးပို့သောသဝဏ်လွှာတွင် ပြည်ထောင်စုမြန်မာနိုင်ငံ၏ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ဩစတြေးလျအစိုးရနှင့် ပြည်သူများကိုယ်စား မြန်မာပြည်သူများအားလုံးကို မိမိ လှိုက်လှဲဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သအပ်ပါကြောင်း ဖော်ပြထားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာမိုဟာမက်ဇီလာရာမန် ထံမှ ပေးပို့သော သဝဏ်လွှာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် မိမိ နွေးထွေးလှိုက်လှဲစွာ နှုတ်ခွန်းဆက်သအပ်ပါ ကြောင်း။

နှစ်နိုင်ငံပြည်သူများ ကြီးပွားရေးနှင့် အကျိုးစီးပွားများခွဲဝေရရှိရေးအတွက် အနာဂတ်ကာလတွင် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ဆက်ဆံရေး ပိုမိုခိုင်မာလာစေရန် မိမိတို့အနေဖြင့်ဆန္ဒရှိကြောင်း။

မြန်မာပြည်သူများ ငြိမ်းချမ်းသာယာဝပြောစေရန်နှင့် အဆွေတော် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစေရန် မိမိ ဆုမွန်ကောင်းတောင်းအပ်ပါကြောင်းဖြင့် ဖော်ပြပါရှိသည်။

အလားတူ နိုင်ငံတော် ဝန်ကြီးချုပ် ဦးသိန်းစိန်ထံသို့ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် ရှိတ်ဟာဆီနာထံမှ ပေးပို့သောသဝဏ်လွှာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် ဘင်္ဂလားဒေ့ရှ်အစိုးရနှင့် ပြည်သူများကိုယ်စား မိမိ ဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သအပ်ပါကြောင်း။

ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်မှု၊ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းစသော နှစ်နိုင်ငံအကြား အကျိုးဖြစ်ထွန်းစေမည့် ကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရန် အခွင့်အလမ်းကောင်းများ ရှိနေပါကြောင်း၊ နှစ်နိုင်ငံပြည်သူများ၏ အပြန်အလှန်အကျိုးစီးပွားအတွက် ခိုင်မာသော စိတ်ဓာတ်များအဖြစ် ရပ်တည်သွားရန် မိမိတို့လိုလားပါကြောင်း ဖော်ပြပါရှိသည်။

လစ်ဗျားနိုင်ငံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့ လစ်ဗျားနိုင်ငံအကြီးအကဲ ဗိုလ်မှူးကြီးမူအာမားအယ်လ်ကဒါဖီထံမှ ပေးပို့သော သဝဏ်လွှာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ လစ်ဗျားနိုင်ငံပြည်သူများကိုယ်စား မိမိအနေဖြင့် လှိုက်လှဲဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သအပ်ပါကြောင်း။

အဆွေတော် ဗိုလ်ချုပ်မှူးကြီး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာ၍ မြန်မာပြည်သူအပေါင်းတို့ တိုးတက်ကြီးပွားပါစေကြောင်း ဆန္ဒမွန်ပြုအပ်ပါကြောင်း ဖော်ပြပါရှိသည်။

အီဂျစ်နိုင်ငံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့ အီဂျစ်အာရပ်သမ္မတနိုင်ငံသမ္မတ မစ္စတာ မိုဟာမက်ဟိုစ်နီ မူဘာရက် ထံမှပေးပို့သော သဝဏ်လွှာတွင် ပြည်ထောင်စုမြန်မာနိုင်ငံ၏ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ လှိုက်လှဲဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သ အပ်ပါကြောင်း။

မြန်မာပြည်သူအပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ၍ တိုးတက်အောင်မြင်မှုများ ရရှိစေရန် ဆန္ဒပြုအပ်ပါကြောင်းဖြင့် ဖော်ပြထားသည်။

အီရန်နိုင်ငံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့ အီရန်အစ္စလာမ့်သမ္မတနိုင်ငံ သမ္မတ မစ္စတာ မာမွတ်အာမာဒီနီဂျက် ထံမှ ပေးပို့သော သဝဏ်လွှာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ လှိုက်လှဲဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သပါကြောင်း။

မိမိတို့နှစ်နိုင်ငံအကြားရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့် အကျိုးစီးပွားကို ဆက်လက်မြှင့်တင်နိုင်ရန် မိမိယုံကြည်ပါကြောင်း၊ အဆွေတော်နှင့်တကွ မြန်မာပြည်သူအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစေရန် မိမိဆန္ဒပြုအပ်ပါကြောင်းဖြင့် ဖော်ပြပါရှိသည်။

နိုင်ငံတကာသတင်းများ

အာဖဂန်နစ္စတန်သို့ တိုက်ခိုက်ရေးမရိန်းတပ်ဖွဲ့ဝင် ၁၄၀၀ ထပ်မံစေလွှတ်ရန် အမေရိကန်ဆုံးဖြတ်

ဝါရှင်တန် ဇန်နဝါရီ ၆

အာဖဂန်နစ္စတန်သို့ တိုက်ခိုက်ရေးမရိန်းတပ်ဖွဲ့ဝင် ၁၄၀၀ ကို ထပ်မံစေလွှတ်ရန် အမေရိကန်နိုင်ငံက ဆုံးဖြတ်လိုက်ကြောင်း ဝေါစထရိဂျာနယ်က ယနေ့ရေးသားဖော်ပြသည်။

အာဖဂန်နစ္စတန်နိုင်ငံရှိ တပ်ဖွဲ့ဝင်အင်အားကို တိုးမြှင့်ရန် အမေရိကန်ကာကွယ်ရေးဝန်ကြီး ရောဘတ်ဂိတ်က ဆုံးဖြတ်လိုက်ခြင်းဖြစ်ကြောင်း၊ ထပ်မံစေလွှတ်မည့် မရိန်းတပ်ဖွဲ့ဝင်များသည် အစောဆုံး ဇန်နဝါရီလလယ်တွင် အာဖဂန်နစ္စတန်နိုင်ငံသို့ စတင်ရောက်ရှိမည်ဖြစ်ကြောင်း သတင်းစာက ရေးသားဖော်ပြသည်။

အသစ်ရောက်ရှိလာမည့် တပ်ဖွဲ့ဝင်များသည် အာဖဂန်နစ္စတန်နိုင်ငံရှိ တာလီဘန်စစ်သွေးကြွများ ခြေကုပ်ပြုရာ ကန်ဒါဟာမြို့ အနီးဝန်းကျင်ဒေသ၌ ဖြန့်ကြက်မည်ဖြစ်ကြောင်း ပင်တဂွန် တာဝန်ရှိသူများအား ကိုးကားလျက် သတင်းတွင် ဖော်ပြထားသည်။

အာဖဂန်နစ္စတန်နိုင်ငံရှိ အမေရိကန်တပ်ဖွဲ့ကို ထပ်မံအင်အားတိုးချဲ့နိုင်မည့် အခြားသော အဆိုပြုချက်များကိုလည်း တပ်မှူးများက စဉ်းစားသုံးသပ်လျက်ရှိသည်။

အကယ်၍ ယင်းအဆိုပြုချက်များကို အကောင်အထည်ဖော်ရန် ဆုံးဖြတ်မည်ဆိုပါက အာဖဂန်နစ္စတန်နိုင်ငံ ရှေ့တန်းစစ်မျက်နှာတွင် အမေရိကန်တပ်ဖွဲ့ဝင်အင်အား နောက်ထပ် ၃၀၀ အထိ ထပ်မံမြှင့်တက်လာမည်ဖြစ်သည်။ **အင်တာနက်။**

သင်္ဘောတည်ဆောက်ရေး အိန္ဒိယရေတပ်တည်ထောင်

နယူးဒေလီ ဇန်နဝါရီ ၆

ပင်လယ်ရေပြင်ပိုင်နက် ကာကွယ်ရေးနှင့် အိန္ဒိယသမုဒ္ဒရာအတွင်း ပြည်ပနိုင်ငံများ၏ စစ်အင်အား တိုးချဲ့လာမှုကို တုံ့ပြန်နိုင်ရန် စစ်သင်္ဘောများတည်ဆောက်ရေးဆိုင်ရာ ရေတပ်သုတေသနဌာနသစ် တည်ဆောက်ရေးအတွက် အိန္ဒိယနိုင်ငံက အင်္ဂါနေ့တွင် ပန္နက်ချခဲ့ကြောင်း သတင်းများတွင်ဖော်ပြသည်။

အိန္ဒိယနိုင်ငံသည် ၎င်း၏ ကာကွယ်ရေးဆိုင်ရာ လက်နက်အများစုကို ရုရှားနိုင်ငံမှ တင်သွင်းဝယ်ယူနေရသည်။ ယင်းအပြင် အိန္ဒိယသမုဒ္ဒရာအတွင်း ပြည်ပနိုင်ငံများက ဩဇာလွှမ်းမိုးလာမှုအပေါ် စိုးရိမ်မကင်းဖြစ်လျက်ရှိရာ နာဒေ့ရှ်စီမံကိန်းကို အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။ **အင်တာနက်။**

အိန္ဒိယရေတပ် သုတေသနဌာနသစ်က စစ်သင်္ဘောများကို တည်ဆောက်သွားမည် ဖြစ်သည်။

နယ်သာလန်၌ ဓာတုပစ္စည်းထုပ်ပိုးရေးကုမ္ပဏီ မီးလောင်ပေါက်ကွဲမှုများဖြစ်ပွား

သည်ဟေ့ဂ် ဇန်နဝါရီ ၆

နယ်သာလန်နိုင်ငံတောင်ပိုင်း မိုအာဒစ်ဒ်မြို့ စက်မှုဇုန်တစ်ခုရှိ ဓာတုပစ္စည်း ထုပ်ပိုးရေး ကုမ္ပဏီတစ်ခုသည် ဇန်နဝါရီ ၅ ရက်က မီးလောင်ပေါက်ကွဲမှုများ ဖြစ်ပွားလျက်ရှိရာ ဒေသခံများ မိမိတို့နေအိမ်တွင်း၌သာ နေထိုင်၍ တံခါးများ အလုံပိတ်ထားကြရန် အာဏာပိုင်များက သတိပေးထားသည်။

ဓာတုသိုလှောင်ကန်များ ပေါက်ကွဲ၍ မီးလောင်ကျွမ်းမှု ဖြစ်ပေါ်နေပုံကို နယ်သာလန် အမျိုးသားရုပ်သံဌာန (အင်န်အိုအက်စ်)က ရိုက်ကူးထုတ်လွှင့်ပြသခဲ့သည်။

မီးလောင်ပေါက်ကွဲမှုဖြစ်ပွားရာ ကုမ္ပဏီအတွင်း မီးလောင်ကျွမ်းလွယ်သော အဆိပ်ရှိ ဓာတုပစ္စည်းများ သိုလှောင်ထားကြောင်း နယ်သာလန်ရဲတပ်ဖွဲ့တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

သို့ရာတွင် ဒေသခံများ၏ ကျန်းမာရေးကို ထိခိုက်စေမည့် ဓာတုပစ္စည်းများ ထွက်ပေါ်ခြင်းမရှိကြောင်း မိုအာဒစ်ဒ်မြို့ဝန်က သတင်းစာရှင်းလင်းပွဲတစ်ခု၌ ပြောကြားသည်။

ယင်းကုမ္ပဏီတွင် အလုပ်လုပ်ကိုင်နေသော ဝန်ထမ်းပေါင်း ၅၀ ရှိရာ အားလုံး အသက်အန္တရာယ်မှ ကင်းလွတ်ခဲ့ကြောင်း၊ မီးစတင်လောင်ကျွမ်းရခြင်း အကြောင်းရင်းကို ကွဲကွဲပြားပြား မသိရသေးကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ **အေပီ။**

မောင်းသူမဲ့ ထောက်လှမ်းရေး လေယာဉ်သစ် အာဖဂန်နစ္စတန်၌ အမေရိကန်တပ်ဖွဲ့အသုံးပြုမည်

ဝါရှင်တန် ဇန်နဝါရီ ၆

အဆင့်မြင့် နည်းပညာသုံး ထောက်လှမ်းရေးစနစ် တပ်ဆင်ထားသော မောင်းသူမဲ့လေယာဉ်တစ်စင်းကို အမေရိကန် စစ်ဘက်က အာဖဂန်နစ္စတန်နိုင်ငံ၌ အသုံးပြုမည်ဖြစ်ကြောင်း အမေရိကန်သတင်းဌာနများက ယမန်နေ့ကသတင်းထုတ်ပြန်သည်။

အာဖဂန်နစ္စတန်၌ အသုံးပြုမည့် မောင်းသူမဲ့ထောက်လှမ်းရေးလေယာဉ်ကို Gorgon Stare ဟု အမည်ပေးထားသည်။

အဆိုပါလေယာဉ်သည် စစ်သွေးကြွများ၏ လှုပ်ရှားမှုများအား ဗီဒီယိုရိုက်ကူးကာ တပ်ဖွဲ့ဝင်များထံ တိုက်ရိုက် ထုတ်လွှင့်ပေးနိုင်ကြောင်း ဝါရှင်တန်ပို့စ်သတင်းစာက ရေးသားဖော်ပြသည်။ မောင်းသူမဲ့ ထောက်လှမ်းရေး လေယာဉ်ပေါ်၌ ဗီဒီယိုကင်မရာကိုးလုံးအထိ တပ်ဆင်ထားသည်။ ကွဲပြားခြားနားသော နေရာဒေသ ၆၅ နေရာကို ဝေဟင်မှ ဗီဒီယိုရိုက်ကူးကာ နေရာဒေသအသီးသီးရှိ ထောက်လှမ်းရေးတပ်ဖွဲ့ဝင်များထံ တစ်ပြိုင်နက်တည်း ပေးပို့နိုင်ကြောင်း သတင်းတွင် ဖော်ပြသည်။

အာဖဂန်စစ်ပွဲသည် ၁၀ နှစ်အတွင်းသို့ ဝင်ရောက်လာပြီဖြစ်ပြီး အမေရိကန်တပ်ဖွဲ့ဝင်များမှာ လေကြောင်းမှ ထောက်လှမ်းသိရှိရသည့် သတင်းအချက်အလက်များအပေါ် မှီတည်ကာ စစ်ဆင်ရေး ဆင်နွှဲနေရသည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ စစ်သွေးကြွများကို ဖော်ထုတ်နိုင်ရန် မောင်းသူမဲ့လေယာဉ်များဖြင့်ရော၊ လူလိုက်ပါသော လေယာဉ်များဖြင့်ပါ ဝေဟင်မှထောက်လှမ်းမှုများကို တိုးမြှင့်ပြုလုပ်လျက်ရှိသည်။ **အင်တာနက်။**

အစ္စရေးသူလျှိုဟု စွပ်စွဲကာ လင်းတတစ်ကောင်ကို ဆော်ဒီအာရေဗျ ဖမ်းဆီး

ရီယာ့ဒ် ဇန်နဝါရီ ၆ - အစ္စရေးနိုင်ငံအတွက် သူလျှိုလုပ်ပေးကြောင်း စွဲချက်ဖြင့် လင်းတငှက်တစ်ကောင်ကို ဆော်ဒီအာရေဗျ အာဏာပိုင်များက ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း ဇန်နဝါရီ ၅ ရက် သတင်းများတွင် ဖော်ပြထားသည်။

ယင်းလင်းတငှက်သည် တဲလ်အဗစ် တက္ကသိုလ်အမည်ရေးထိုးထားသော တည်နေရာလွှင့်ထုတ်မှု ကိရိယာတစ်ခုကို သယ်ဆောင်ထားကြောင်း သတင်းတွင် ဖော်ပြသည်။ ဆော်ဒီအာရေဗျနိုင်ငံ၏ စွပ်စွဲမှုကို အစ္စရေးသဘာဝတောရိုင်းတိရစ္ဆာန်ဆိုင်ရာ တာဝန်ရှိသူများက ယုတ္တိကင်းမဲ့သော ရယ်ဖွယ်ရာ စွပ်စွဲချက်သာဖြစ်ကြောင်း ပြောကြားခဲ့ပြီး ယင်း လင်းတငှက်၏ ကံကြမ္မာအတွက် စိုးရိမ်မကင်းဖြစ်နေကြောင်း သိရသည်။

ပြီးခဲ့သည့်လက ပင်လယ်နီကမ်းခြေ၌ ဖြစ်ပွားခဲ့သော ငါးမန်းတိုက်ခိုက်မှုများတွင် အစ္စရေးထောက်လှမ်းရေးအဖွဲ့ (မော့ဆက်)၏ ပယောဂ မကင်းကြောင်း အီဂျစ်အာဏာပိုင်များက ပြီးခဲ့သည့်လက စွပ်စွဲပြောကြားခဲ့သည်။

အစ္စရေးသူလျှိုဟု စွပ်စွဲခံခဲ့ရသော လင်းတငှက်သည် အတောင်ပံနှစ်ဖက် အလျားရှစ်ပေ ရှစ်လက်မရှိပြီး ဆော်ဒီအာရေဗျနိုင်ငံ ဟေအယ်လ် သဲကန္တာရမြို့တော်အနီး ဆင်းသက်လာစဉ် ဖမ်းဆီးခံခဲ့ရသည်။ ယင်းငှက်ကို အစ္စရေးတို့က သူလျှိုလုပ်ငန်းတွင် အသုံးပြုခဲ့ကြောင်း ဆော်ဒီအာရေဗျ မီဒီယာများက မှန်းဆဖော်ပြခဲ့ကြသည်။ အဆိုပါ လင်းတငှက်ကို တင်းကျပ်သော ဆော်ဒီအာရေဗျနိုင်ငံ၏ တရားစီရင်မှုအရ ပြင်းထန်စွာ အပြစ်ပေးခံရမည့် အရေးအား အစ္စရေးနိုင်ငံက စိုးရိမ်လျက်ရှိပြီး ဆော်ဒီအာရေဗျ၏ စွပ်စွဲချက်များကိုလည်း ငြင်းပယ်ခဲ့သည်။ **အင်တာနက်။**

တိုင်းမှူး ဗိုလ်မှူးချုပ်ဇေယျာအောင် မြစ်ကြီးနားမြို့ မြို့အဝင်မုခ်ဦး ဖွင့်ပွဲနှင့် ကတ္တရာထပ်ပိုးလွှာ လမ်းသစ်ဖွင့်ပွဲ အခမ်းအနားများ တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၆

မြစ်ကြီးနားမြို့ မြို့အဝင်မုခ်ဦးဖွင့်ပွဲနှင့် အောင်နန်းရိပ်သာရပ်ကွက် တပင်ရွှေထီးလမ်း ကတ္တရာထပ်ပိုးလွှာ လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁ ရက် နံနက်ပိုင်းတွင် ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာအနီးရှိ အဆိုပါမုခ်ဦးသစ်နေရာ၌ ကျင်းပရာ အခမ်းအနားသို့ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဇေယျာအောင်၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပညာရေးကောလိပ်နှင့် သူနာပြုသင်တန်းကျောင်းတို့မှ သင်တန်းသူများ၊ ဘင်ခရာနှင့်ပန်းဖွားအကအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တာဝန်ရှိသူတစ်ဦးက မုခ်ဦးသစ်ဆောက်လုပ်ခဲ့မှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တာဝန်ရှိသူများနှင့် အလှူရှင်တို့က မုခ်ဦးသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းမှူးက မြို့အဝင်မုခ်ဦးသစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့သည် မြစ်ကြီးနားမြို့ အောင်နန်းရိပ်သာရပ်ကွက်၌ ကျင်းပသည့် ကတ္တရာထပ်ပိုးလွှာ လမ်းသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ တာဝန်ရှိသူတစ်ဦးက လမ်းသစ်ဆောင်ရွက်ခဲ့မှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ဖွင့်လှစ်ပေး

ဆက်လက်၍ တာဝန်ရှိသူများက လမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးက လမ်းသစ်မုခ်ဦး ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းမှူးနှင့် ဧည့်သည်တော်များသည် လမ်းသစ်တစ်လျှောက်ဖြတ်သန်း ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော လွတ်လပ်ရေးနေ့ သဝဏ်လွှာကို မြို့နယ်ဥက္ကဋ္ဌ ဦးတင်မြင့်ဖတ်ကြားစဉ်။

(သတင်းစဉ်)

မိုးစပါးအထွက်မှန်ကန်ရေး ဒိုက်ဦးမြို့နယ်၌ စံကွက်ရိတ်သိမ်း

ဒိုက်ဦး ဇန်နဝါရီ ၆

ဒိုက်ဦးမြို့နယ် ကတုတ်ဘုရားကြီး စံပြကျေးရွာ မိုးစပါးအထွက်မှန်ကန်ရေး အတွက် စံကွက်ရိတ်သိမ်းပွဲကို ဒီဇင်ဘာ ၁၅ရက်က တောင်သူ ဦးလှသောင်း၏ လယ်မြေ ၃၉ဒသမ ၅၄ဧက၌ ကျင်းပရာ **(အပေါ်ပုံ)** မှော်ဘီ-၂ စပါးမျိုး(ကောင်း) အဆင့်အတန်းစိုက်ကွင်းကို ရိတ်သိမ်းရာတွင် ၈၄ ဒသမ ၆၁ တင်းနှုန်း ထွက်ရှိခဲ့ကြောင်း သိရသည်။

စံကွက်ရိတ်သိမ်းပွဲသို့ ပဲခူးတိုင်းဒေသကြီး တိုင်းမြေစာရင်းဦးစီးဌာနမှူး ဦးဇော်မင်း၊ ခရိုင်နှင့် မြို့နယ် တာဝန်ရှိသူများ၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှ ဝန်ထမ်းများနှင့် ကတုတ်ဘုရားကြီး စံပြကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ ပါဝင်ပြီး စံကွက်ရိတ်သိမ်းကြကြောင်း သိရသည်။ (မြို့နယ်မြေစာရင်း)

အထက(၂) သင်္ချိုင်းကျွန်း မြတ်ဆရာပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၆

အထက(၂)သင်္ချိုင်းကျွန်း (ယခင် ဘောက်ထော်မက်သဒစ် /အလက-၂)၌ အနည်းဆုံး(၁)နှစ် ပညာသင်ကြားပေးခဲ့ကြသော အသက်(၆၀) ပြည့် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား နဝမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဇန်နဝါရီ ၂၃ ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ကျင်းပမည်ဖြစ်ရာ ၁၉၆၄ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး မပျက်မကွက် တက်ရောက် ပူဇော်ကန်တော့ကြပါရန်နှင့် အလှူငွေများကို ဆရာမကြီးဒေါ်သိန်းတင် ဖုန်း-၅၇၇၉၄၆၊ ဆရာမဒေါ်ကြင်ကြည် ဖုန်း-၅၆၅၉၈၈၊ ဒေါ်စန်းစန်းမြင့် ဖုန်း-၅၆၀၇၃၆၊ ဦးမျိုးမြင့် ဖုန်း-၅၇၀၀၇၂၊ ၀၉-၅၀၉၃၉၄၈၊ ဦးကျော်သူ ဖုန်း-၀၉-၅၁၈၄၇၅၆၊ ဦးကျော်ရဲသီဟဇေ ဖုန်း-၀၉-၅၁၃၃၃၄၉၊ ဒေါက်တာသူရအောင် (ထိပ်တန်းစာသင်ဝိုင်း) ဖုန်း-၀၉-၅၀၄ ၁၀၀၈၊ ဒေါ်မြင့်မြင့်ရီ ဖုန်း-၅၆၂၇၄၈၊ ဒေါ်နှင်းဝေဝေ ဖုန်း-၇၃၀၄၁၃၅၆၊ ဒေါ်မြတ်မြတ်အေး(အထက-၂) ဖုန်း-၅၆၅၆၆၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်း ပညာရည်ချွန်ဆုပေးပွဲကို ဒီဇင်ဘာ ၂၄ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမြတ်မွန် Grade-1 မှ Grade-9 အထိ ကိုးနှစ် ဆက်တိုက် ပထမဆုရ မသက်ထားစိုးအား ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

လှိုင်သာယာမြို့နယ် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မြက်ခင်းပြင်၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ပေးပို့သော လွတ်လပ်ရေးနေ့ သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထိန်စိုး ဖတ်ကြားစဉ်။ (၇၉)

ဆိပ်ကြီးခနောင်တိုမြို့နယ် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနား ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော လွတ်လပ်ရေးနေ့ သဝဏ်လွှာကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစောညီညီထွေး ဖတ်ကြားစဉ်။ (မြို့နယ်ပြန်/ဆက်)

ရွှေပင်ငွေပင် ဦးသန်းထွန်း၏ မြန်မာ့လက်မှုအနုပညာပြခန်း အိမ်ရာနေထိုင်မှုနှင့် ပရိဘောဂပြပွဲတွင် ပါဝင်ပြသ

ရန်ကုန် ဇန်နဝါရီ ၆

Smart Business Group က ကြီးမှူးကျင်းပသည့် အိမ်ရာနေထိုင်မှုနှင့်ပရိဘောဂပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဇန်နဝါရီ ၁ ရက်မှ ၄ ရက်အထိ ခင်းကျင်းပြသခဲ့ရာ ရွှေပင်ငွေပင် ဦးသန်းထွန်း၏ မြန်မာ့လက်မှု အနုပညာ ပြခန်းလည်း ပါဝင်ပြသခဲ့သည်။(အောက်ပုံ)

မြန်မာ့ရိုးရာလက်မှုအနုပညာတစ်ခု ဖြစ်သော သစ်ထွင်းပန်းချီကားများကို ဒုတိယအကြိမ်အဖြစ်ပြပွဲတွင် ဝင်ရောက်ပြသရာ ပြပွဲလာပရိသတ်များက စိတ်ဝင်စားစွာ လာရောက်ကြည့်ရှု လေ့လာကြသည်။ သစ်ထွင်း ပန်းချီကားများမှာ အသေးဆုံး (၁ ဒသမ ၅) ပေ× ၁ ပေမှ ၈ ပေ× ၄ ပေအရွယ်အထိ အရွယ်အစားမျိုးစုံ ပြသထားပြီး ပန်းချီကားများ၏ တန်ဖိုးမှာ ငွေကျပ် တစ်သိန်းမှ ငွေကျပ် ၅၅ သိန်းအထိ တန်ဖိုးရှိသည်။ ယင်းသစ်ထွင်းပန်းချီကားများကို ဟိုတယ်၊ မိုတယ်၊ နေအိမ်၊ ဘဏ်၊ အဆောက်အအုံ၊ သာသနာ့ဗိမာန်တော်နှင့် ဘုန်းကြီးကျောင်းစသည့် ဧည့်ခန်းမဆောင်များတွင်ထားရှိရန် အမြတ်တနိုးဝယ်ယူကြသည်။ ထို့ပြင် ပြည်တွင်းပြည်ပဧည့်သည်တော်ကြီးများအား အမှတ်တရ လက်ဆောင်ပေးရန် အတွက်လည်း ဝယ်ယူကြသည်။

သစ်ထွင်းပန်းချီကားများကို ကျွန်းသစ်အပြင် ယမနေ၊ သက်န်း၊ မဟော်ဂနီ စသည့် သစ်များနှင့်လည်း ထုလုပ်သည်။ ယခင်ကထုဆစ်ခဲ့သော ပန်းချီကားများမှာ ဆေးရောင်မပါဝင်ဘဲ သစ်သားအရောင်အတိုင်း ပြုလုပ်ခဲ့ပြီး ယခုအခါ ပန်းချီ၊ ပန်းပုပေါင်းစပ်၍ ဆေးရောင်ခြယ်ကားများကို စတင်တီထွင်ရောင်းချခဲ့သည်။

သစ်ထွင်းပန်းချီကားများတွင် ပုဂံခေတ်ဟန်၊ ကိန္နရီမောင်နှံ၊ တောတွင်းအလှ၊ ဆင်မိသားစု၊ ရှင်လောင်းလှည့်ပွဲနှင့် အင်းလေးအလှစသည်ဖြင့် အနုပညာပုံသဏ္ဌာန်မျိုးစုံပါဝင်သည်။

သစ်ထွင်းပန်းချီကား၊ သစ်ထွင်းလိုက်ကာနှင့် သစ်သားခန်းဆီးတို့ကို ရွှေပင်ငွေပင် ဦးသန်းထွန်း ပရိဘောဂတိုက် အမှတ်(၁၆၆) မဟာဗန္ဓုလလမ်း (၅၃)လမ်းနှင့် (၅၄)လမ်းကြား ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၉၂၁၉၂၊ ၀၁-၇၀၃၈၀၃နှင့် ၀၁-၃၉၉၈၈၄ တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ခရီးသည်တင်ကားကို ခဲနှင့်ပစ်ပေါက်သူ အရေးယူ

မိတ္ထီလာ ဇန်နဝါရီ ၆

မန္တလေးမှ ခရီးသည်များတင်ဆောင်လာသည့် မှန်လုံကားတစ်စီးသည် ရန်ကုန်ဘက် သို့ မောင်းနှင်လာရာ မိတ္ထီလာမြို့နယ် ကန်တောင်ကျေးရွာ ရန်ကုန်-မန္တလေး ကားလမ်းဘေးရှိ ရွှေဘုန်းပွင့်ဘုရားအနီးအရောက် ဒီဇင်ဘာ ၂၀ရက် ည ၉နာရီ ခွဲခန့်က ကား၏ယာဘက်ဘေးမှ မှန်ကို ခဲဖြင့် ပစ်ခတ်ခြင်းခံရပြီး ကားမှန်အက်ကွဲခဲ့ရသည်။ ခဲပေါက်သူကိုစုံစမ်းရာ မြာရေဝေကျေးရွာအုပ်စု ရေဝေကျေးရွာနေ ကျော်မြိုင်ကြီး၊ တင်ကိုလွင်နှင့် တင်ဝင်းဆိုသူတို့ဖြစ်ကြောင်း သိရသဖြင့် ၎င်းတို့အား အမှုဖွင့်အရေးယူ ထားကြောင်းသိရသည်။ (၁၁၁)

တောင်ပိုင်းဒေသများ ကွက်ကျားမိုး အနည်းငယ်ရွာနိုင်

နေပြည်တော် ဇန်နဝါရီ ၆

ယနေ့နံနက် ၉ နာရီခွဲအချိန်ထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** ကချင်ပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှ အပူချိန်အောက် ၃ ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၅ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ရှမ်းပြည်နယ်၊ ရခိုင်ပြည် နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ မကွေးတိုင်းဒေသကြီးတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၅ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့်ညအပူချိန်များမှာ** ပူတာအိုမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်နှင့်ကသာမြို့တွင် ၅ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

ဇန်နဝါရီ ၇ ရက် ညနေထိခန့်မှန်းချက်။ ။ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ ၂၀၁၀

မျိုးအောင်ဆွေ(ဆေးသု)

ကျန်းမာရေးဝန်ကြီးဌာနသည် လူတိုင်း သက်တမ်းစေ့ အသက်ရှည်စွာ နေနိုင်ရေး၊ လူတိုင်း ရောဂါဘယကင်းရှင်းရေးဟူသော ရည်မှန်းချက် (၂)ရပ်၊ ကျေးလက်ဒေသအောက်ခြေထိ ကျန်းမာရေးအသိပညာပေးခြင်း၊ ရောဂါကာကွယ်တားဆီးခြင်း၊ ရောဂါဖြစ်ပွားလျှင် ထိရောက်စွာ ကုသမှုပေးခြင်းဟူသည့် နည်းနာ(၃)ရပ်တို့ဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကို စောင့်ရှောက်ပေးလျက်ရှိပြီး ကျန်းမာရေးဝန်ကြီးဌာနအောက်၌ ဦးစီးဌာန ခုနစ်ခု ဖွဲ့စည်းထားရှိပါသည်။ ယင်းဦးစီးဌာန ခုနစ်ခုအနက် သုံးခုသောဦးစီးဌာနများမှာ ဆေးသုတေသနဦးစီးဌာနများဖြစ်ကြကာ (၁)ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)၊ (၂)ဆေးသုတေသနဦးစီးဌာန(အထက်မြန်မာပြည်)၊ (၃)ဆေးသုတေသနဦးစီးဌာန(မြန်မာပြည်အလယ်ပိုင်း)တို့ ဖြစ်ကြပါသည်။ ဤသည်ပင်လျှင် နိုင်ငံတော်သည် သုတေသန၏အရေးပါမှုကို ဂရုပြုအလေးထားကြောင်း ထင်ရှားသောပြယုဂ် ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ဆေးပညာသုတေသနကို အလေးထား ဆောင်ရွက်ခဲ့ရာ၌ သမိုင်းကြောင်းအရကြည့်လျှင် ရန်ကုန်တက္ကသိုလ်ရှိ ဆေးပညာသိပ္ပံမှ ဆရာများစုစည်းကာ မြန်မာနိုင်ငံ ဆေးသုတေသနအသင်း (Burma Medical Research Society) ကို ဖွဲ့စည်းတည်ထောင်ခဲ့ကြပါသည်။ ထို့နောက် တော်လှန်ရေးကောင်စီ အစိုးရလက်ထက်တွင် တော်လှန်ရေးကောင်စီ ဥပဒေအမှတ်(၃၇)ဖြင့် မြန်မာနိုင်ငံ ဆေးသုတေသနကောင်စီအက်ဥပဒေကို ပြဋ္ဌာန်းကာ မြန်မာနိုင်ငံ ဆေးသုတေသနဌာန (Burma Medical Research Institute)ကို ၁၉၆၃ ခုနှစ် ဇွန်လတွင် ဖွင့်လှစ်၍ ဆေးသုတေသနလုပ်ငန်းရပ်များကို စနစ်တကျ ဆောင်ရွက်နိုင်ခဲ့ကြပါသည်။

ဆက်လက်၍ တော်လှန်ရေးကောင်စီသည် အဖွဲ့ဝင်ခုနစ်ဦးပါဝင်သော သုတေသနမူဝါဒညွှန်ကြားရေးအဖွဲ့ကို ၁၉၆၆ ခုနှစ်တွင် ဖွဲ့စည်းပေးခဲ့ခြင်းဖြင့် သုတေသနကို မူဝါဒလမ်းစဉ်နှင့်အညီ ပီပြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြပါသည်။ ဤအဖွဲ့၏ လက်အောက်တွင် အဖွဲ့ဝင် ၃၅ ဦးပါဝင်သော သုတေသနလုပ်ငန်းများဆိုင်ရာ ဖွံ့ဖြိုးရေးနှင့် ညှိနှိုင်းရေးကော်မတီကို ထပ်မံဖွဲ့စည်းတာဝန်ပေးခဲ့ပါသည်။ သုတေသနမူဝါဒညွှန်ကြားရေးအဖွဲ့၏အောက်တွင် သုတေသနအဖွဲ့ ၁၁ ဖွဲ့ပါဝင်ရာ၌ ဆေးသိပ္ပံပညာရပ်ဆိုင်ရာ သုတေသနအဖွဲ့လည်းပါရှိပါသည်။ ဆေးသိပ္ပံပညာရပ်ဆိုင်ရာ သုတေသနအဖွဲ့၏ဥက္ကဋ္ဌမှာ ကျန်းမာရေးဌာနခွဲ ညွှန်ကြားရေးဝန် ဦးဖေကျင်ဖြစ်ပြီး အတွင်းရေးမှူးအဖြစ် ဒေါက်တာမြတူ၊ ညွှန်ကြားရေးဝန် မြန်မာနိုင်ငံ ဆေးသုတေသနဌာနကဆောင်ရွက်ကာ အဖွဲ့ဝင် ၁၅ ဦး ပါဝင်ပါသည်။

မြန်မာနိုင်ငံ ဆေးသုတေသနဌာန ဖွင့်လှစ်အပြီး နှစ်နှစ်နီးပါးခန့်အတွင်း ဆေးသုတေသနလုပ်ငန်းများကို အားကြိုးမာန်တက် ကြိုးစားဆောင်ရွက်ခဲ့ကြကာ ရရှိလာသော သုတေသနတွေ့ရှိချက်များကို စာတမ်းပြုစုခဲ့ကြပြီးလျှင် သုတေသနညီလာခံကို ၂၁-၂-၁၉၆၅ ရက်နေ့တွင် ကျင်းပ၍ ဖတ်ကြားတင်ပြခဲ့ကြပါသည်။ အဆိုပါ သုတေသနညီလာခံတွင် စာတမ်းပေါင်း ၁၂ စောင်ကို တင်ပြဖတ်ကြားကြပြီး တက်ရောက်လာကြသော သုတေသီများ၊ ပညာရှင်များက ဝိုင်းဝန်းဆွေးနွေးခဲ့ကြပါသည်။

ဤသို့ဖြင့် သုတေသနညီလာခံကို စတင်ကျင်းပနိုင်ခဲ့ပါသည်။ ဆေးသိပ္ပံပညာရပ်ဆိုင်ရာ သုတေသနဆွေးနွေးပွဲကို ၂၁-၃-၁၉၆၆ ရက်နေ့တွင် ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်၌ ကျင်းပခဲ့ပြီး ၁၉၆၆ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိ ကိုးနှစ်တိုင်တိုင် ကျင်းပနိုင်ခဲ့ပါသည်။ ၁၉၇၉ ခုနှစ် ဒီဇင်ဘာလတွင် ဆေးသိပ္ပံပညာရပ်ဆိုင်ရာ သုတေသနဆွေးနွေးပွဲကို ပြန်လည်ကျင်းပခဲ့ရာတွင် သုတေသနမူဝါဒအဖွဲ့အောက်တွင် ကျင်းပနိုင်ခဲ့ပါသည်။ ဆက်လက်၍ ၁၉၈၂ ခုနှစ် စက်တင်ဘာလတွင် ဆေးသိပ္ပံပညာရပ်ဆိုင်ရာ စာတမ်းဖတ်ပွဲအဖြစ် ဆေးသုတေသနဦးစီးဌာနတွင် ကျင်းပခဲ့ပါသည်။ ၁၉၈၅ ခုနှစ်မှ ၁၉၈၇ ခုနှစ်အထိ ဆွေးနွေးပွဲအဖြစ် ဆေးသုတေသနဦးစီးဌာနတွင် ကျင်းပခဲ့ပါသည်။ ၁၉၈၈ ခုနှစ်တွင် ဆေးသုတေသနဌာနကို ဖွဲ့စည်းတည်ထောင်ခြင်း (၂၅)နှစ်မြောက် ငွေရတုနှစ်အထိမ်းအမှတ်အဖြစ် သုတေသနစာတမ်းဖတ်ပွဲကို အကျဉ်းချုံး၍ ကျင်းပခဲ့ပါသည်။ ဤသုတေသနစာတမ်းဖတ်ပွဲကို ကျန်းမာရေးဝန်ကြီးဌာနက တာဝန်ယူကျင်းပခဲ့ခြင်းဖြစ်ပြီး ကျင်းပသောနေရာမှာ ဆေးသုတေသနဦးစီးဌာနတွင် ဖြစ်ပါသည်။ ၁၉၈၉ ခုနှစ်မှ ၁၉၉၃ ခုနှစ်အထိ ကျင်းပခဲ့သော သုတေသနစာတမ်းဖတ်ပွဲများတွင် စာတမ်းများကိုသာ ဖတ်ကြားတင်ပြခဲ့ကြပြီး ၁၉၉၄ ခုနှစ်မှစတင်၍ သုတေသနစာတမ်းများအပြင် သုတေသနပိုစတာများကိုပါ ပူးတွဲတင်ပြလာခဲ့ပါသည်။

ဤကဲ့သို့ဆောင်ရွက်ခဲ့သော ဆေးသိပ္ပံပညာရပ်ဆိုင်ရာနှင့် ကျန်းမာရေးဆိုင်ရာ သုတေသနများသည် လူသားတို့တွင် ဖြစ်ပွားတတ်သော ရောဂါဘယများ၊ သုံးစွဲရမည့်ဆေးဝါးများ၊ ကြိုတင်ကာကွယ်နည်းများ၊ ထိရောက်စွာ ကုသနည်းများ၊ ရောဂါခံစားပြီးနောက် ဆက်လက်၍ အသက်ရှင်နေထိုင်ရေးစသည်တို့အတွက် စနစ်တကျ သုတေသနပြုလုပ်ဆောင်ရွက်ရာမှ လူသားများအတွက် လက်တွေ့အကျိုးရှိစေရန် အဖြေအစစ်အမှန် မပေါ်ပေါက်သေးသော ပဟေဠိများကို နည်းစနစ်မှန်မှန်ဖြင့် ထိရောက်စွာဆောင်ရွက်နိုင်ရန် တွေ့ရှိဖော်ထုတ်နိုင်မှုဖြစ်သော သုတေသနများဖြစ်ကြသဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ သုတေသနဦးစီးဌာန သုံးခုနှင့် ကျန်ဦးစီးဌာနလေးခုများသာမက အခြားဝန်ကြီးဌာနများမှ သုတေသီများက မိမိတို့၏ သုတေသနတွေ့ရှိချက် ရလဒ်များကို စုစုစည်းစည်းဖြင့် ညီလာခံကျင်းပ၍ သုတေသနစာတမ်းများ၊ သုတေသနပိုစတာများအဖြစ် ပါဝင်ဖတ်ကြား တင်ပြခဲ့ကြခြင်းဖြစ်ပါသည်။

သုတေသနလုပ်ငန်းမှ ရရှိသည့်ရလဒ်များအား ကုန်ချောထုတ်လုပ်ရန် သတ်မှတ်ပါလျှင် ယင်းကုန်ချောရရှိရန်အတွက် ကုန်ကြမ်းပစ္စည်းများနှင့် စတင်၍ ထုတ်လုပ်မှုအဆင့်ဆင့်ကို ဆောင်ရွက်ရမည်ဖြစ်သည်။ ယင်းတို့မှာ ဓာတ်ခွဲခန်းအဆင့် သုတေသနဆောင်ရွက်ခြင်း (Laboratory-scale Research)၊ အသေးစားထုတ်လုပ်ခြင်း(Small-scale Production)၊ အရှိန်မြှင့်ထုတ်လုပ်ခြင်း (Scale up Production)နှင့် အမြောက်အမြားထုတ်လုပ်ခြင်း (Mass Production) or (Commercial-scale Production)အဆင့်ဆင့်တို့ ဖြစ်ကြပါသည်။ ဥပမာ အသည်းရောင်အသားဝါ 'ဘီ'ပိုးကာကွယ်ဆေး ထုတ်လုပ်ရန် ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)တွင် ကြိုးစားခဲ့ရာ၌ ကနဦး ဓာတ်ခွဲခန်းဆိုင်ရာသုတေသနများ ပြုလုပ်ခြင်း၊ ဓာတ်ခွဲခန်းတိရစ္ဆာန်များဖြင့် စမ်းသပ်ခြင်းတို့ပြုလုပ်ပြီးနောက် အသေးစားထုတ်လုပ်ခြင်း၊ အရှိန်မြှင့် ထုတ်လုပ်ခြင်းတို့ကို အဆင့်ဆင့်ဆောင်ရွက်ပြီး ထိုမှတစ်ဆင့် နိုင်ငံတော်၏ ပံ့ပိုးမှုဖြင့် အသည်းရောင်အသားဝါ 'ဘီ' ကာကွယ်ဆေးစက်ရုံကို (Commercial Scale Production) တည်ဆောက်နိုင်ခဲ့၍ အသည်းရောင်အသားဝါ 'ဘီ' ပိုး ကာကွယ်ဆေးပုလင်းသွင်းရန်အတွက် ကလေးထိုးဆေးလုံးရေ ၁ ဒသမ ၆ သန်းစာ သန့်စင်ကာကွယ်ဆေးအရည် (Purified HbsAg) ကို ထုတ်လုပ်နိုင်ခဲ့ပါသည်။ ၂၀၀၆ ခုနှစ် ဩဂုတ်လတွင် ကာကွယ်ဆေးအရည်များနှင့်အတူ ကျွမ်းကျင်သူ ၇၇ ဦးကို အမှတ်(၁)စက်မှုဝန်ကြီးဌာနသို့ စနစ်တကျ လွှဲအပ်ခဲ့ပါသည်။

သုတေသနဟူသော ဝေါဟာရနှင့်စပ်လျဉ်း၍ သဘာဝတရားနှင့် ဖြစ်ရပ်ဖြစ်စဉ်လုပ်ငန်းများ လိုက်နာဂရုပြုခြင်း၊ ရှုမြင်သုံးသပ်ခြင်း၊ မှတ်တမ်းပြုခြင်း၊ လေ့လာဆည်းပူးခြင်း အစရှိသည်တို့ဖြင့် တွေ့ရှိချက်များအား စက်ပစ္စည်းကိရိယာများ၊ ရုပ်ဝတ္ထုပစ္စည်းများနှင့် နည်းစဉ်အသစ်များတွင် အသုံးချခြင်း (သို့မဟုတ်)လက်ရှိ တည်ဆဲအရာများထက် ပိုမို၍ကောင်းမွန်စေရန် ကြိုးပမ်းခြင်းဖြစ်သည်ဟု အဓိပ္ပာယ်ဖွင့်ဆိုကြသည့် ပညာရှင်များရှိသကဲ့သို့ ရှုပ်ထွေးခြင်း၊ နက်နဲခက်ခဲခြင်းနှင့် လက်တွေ့ အသုံးတည့်အကျိုးရှိစေရန် အသုံးပြုနိုင်သော၊ ဖြေရှင်းနိုင်မှုမရှိသေးသော ဖြစ်ရပ်ဖြစ်စဉ်လုပ်ငန်းများအား ဖြေရှင်းရန်အတွက် ဉာဏ်ပညာရှိသော လူသားများ၏ အသိဉာဏ်ပညာများဖြင့် စနစ်တကျ မှန်မှန်ကန်ကန် လုပ်ဆောင်မှုသည်ပင်လျှင် သုတေသနဖြစ်ကြောင်း အဓိပ္ပာယ်ဖွင့်ဆိုကြသည့် ပညာရှင်များလည်း ရှိကြပါသည်။

သုတေသနလုပ်ငန်းစဉ်တစ်ခုကို ယခုရေတွင်းတူး ယခုရေကြည်သောက်၍ မရနိုင်ဘဲ လုပ်အား၊ အချိန်၊ ငွေကြေးများစွာ အကုန်အကျခံ၍ လုပ်ဆောင်ရတတ်ပါသည်။ ဥပမာ-လူသားအကျိုးပြု ဆေးဝါးတစ်ခုဖြစ်လာရေး သုတေသနပြုရာတွင် သုတေသီပညာရှင်များက အချိန်ကာလ (၅)နှစ်မှ (၁၀)နှစ်ခန့် အချိန်ယူကာ သုတေသနအဆင့်ဆင့်ကို စနစ်တကျ မှန်မှန်ကန်ကန် ပြုလုပ်ကြရပါသည်။ သို့အတွက် **စိတ်ရှည်ဇွဲသန် လုံ့လဉာဏ်ဆ ပြုရန်သုတေသန** ဟူ၍ ဆိုရပေမည်။

မိမိတို့နိုင်ငံသည် မြေပေါ်မြေအောက် သဘာဝသယံဇာတ ပေါများကြွယ်ဝသော နိုင်ငံဖြစ်ကာ အသိဉာဏ်ပညာရှိ၍ နည်းပညာကြွယ်ဝသော လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ပိုင်ဆိုင်မှုရှိလျှင် ကမ္ဘာမှာ မြန်မာဟေ့ဟု ဟစ်ကြွေးနိုင်မည့်အဆင့်ရှိသော နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ နိုင်ငံတော်အနေဖြင့် ပြည်တွင်းထွက် ကုန်ကြမ်းပစ္စည်းများကို အသုံးပြုကာ နိုင်ငံပိုင်ဘိလပ်မြေစက်ရုံများတည်ဆောက်၍ လမ်းများနှင့် တိုက်တာအဆောက်အအုံများ ခေတ်မီစွာတည်ဆောက်နိုင်ပြီး နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်စေရန် ဆောင်ရွက်လျက်ရှိပါသည်။

ထို့အတူ ကျန်းမာရေးကဏ္ဍတွင်လည်း နိုင်ငံတကာမှ တင်သွင်းသော ဆေးဝါးများကို အစားထိုးနိုင်စေရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှု၊ ကျန်းမာရေးဝန်ကြီးဌာန၏ ကြီးကြပ်ပံ့ပိုးမှု၊ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)မှ သုတေသီများ၊ ပညာရှင်များ၏ စိတ်အားတက်ကြွစွာ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် ပြည်တွင်း၌ ပေါများကြွယ်ဝစွာ ရရှိနိုင်သည့် ဆေးဝါးကုန်ကြမ်းများကို သုတေသန အဆင့်ဆင့်ပြုလုပ်ခဲ့ပါသည်။ ပြည်တွင်း၌ ဆေးဝါးအာနိသင်ပြည့်ဝသည့် ပြည်တွင်းဖြစ် တိုင်းရင်းဆေးဝါး ထုတ်လုပ်နိုင်စေမည့် ဆေးပင်များမှ (ဥပမာ-ဆီးချိုသွေးချိုရောဂါအတွက် ကြက်ဟင်းခါးသီး၊ သွေးရေစီးကမ်းပြိုရောဂါအတွက် ပုဏ္ဏရိက်၊ အမီးဘား ဝမ်းကိုက်ရောဂါအတွက် ရာတန်စေ့၊ သွေးတိုးရောဂါအတွက် အကြောပေါင်းတစ်ထောင်၊ ဝမ်းသက်စေရန်အတွက် ပွေးမဲဇလီ) တိုင်းရင်းဆေးဝါးထုတ်လုပ်နိုင်မှု နည်းပညာအဆင့်အဆင့်များ၊ သောက်သုံးရမည့် ဆေးချိန်ဆေးညွှန်းများကိုလည်းကောင်း၊ အသည်းရောင်အသားဝါ 'ဘီ'ပိုး ကာကွယ်ဆေး ထုတ်လုပ်သည့် စက်ရုံကိုလည်းကောင်း အမှတ်(၁)စက်မှုဝန်ကြီးဌာနနှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတို့သို့ စနစ်တကျလွှဲပြောင်းပေးအပ်မှုများ အသီးသီးရှိခဲ့ကာ မှတ်တမ်းတင်နိုင်ခဲ့ပြီး ဖြစ်ပါသည်။

ဤကဲ့သို့သော အောင်မြင်မှုရှိသည့် သုတေသနရလဒ်ကောင်းများ ဆတက်ထမ်းပိုးပေါ်ပေါက်လာစေရေးကို ရည်သန်ကာ ကျန်းမာရေးဝန်ကြီးဌာနမှ ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံများတွင် တင်သွင်းဖတ်ကြားတင်ပြခဲ့သော သုတေသနစာတမ်းများ၊ သုတေသနပိုစတာများအနက် အကောင်းဆုံး အခြေခံသုတေသနစာတမ်းဆု၊ အကောင်းဆုံး အသုံးချသုတေသနစာတမ်းဆု၊ အကောင်းဆုံး ကျန်းမာရေးစနစ် သုတေသနစာတမ်းဆုနှင့် အကောင်းဆုံး သုတေသန ပိုစတာဆုအသီးသီးကို ၁၉၉၃ ခုနှစ်မှ စတင်ကာ မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ၏ လုပ်ငန်းကော်မတီအပါအဝင် ဆပ်ကော်မတီ ရှစ်ခုတွင် တစ်ခုအပါအဝင်ဖြစ်သော အကောင်းဆုံးစာတမ်းဆု ရွေးချယ်ရေးဆပ်ကော်မတီက သမာသမတ်ကျကျ ရွေးချယ်ကာ ထိုက်ထိုက်တန်တန် ဆုချီးမြှင့်ပေးမှုလည်း အပါအဝင် ဖြစ်ပါသည်။

ယခုနောက်ပိုင်းကာလတွင် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ ကျင်းပခြင်းနှင့်အတူ ညီလာခံကျင်းပသည့်ရက်များကို Technical Week အဖြစ် သတ်မှတ်၍ ကျန်းမာရေးဆိုင်ရာ၊ ဆေးသိပ္ပံဆိုင်ရာ ပြည်တွင်းပြည်ပမှ သုတေသီများ၊ ပညာရှင်များက ဆွေးနွေးညှိနှိုင်းပွဲ (Symposium)များ ပြုလုပ်ကာ ဟောပြောတင်ပြ ဆွေးနွေးပွဲများ ကျင်းပခဲ့သကဲ့သို့ ဆေးကုမ္ပဏီအသီးသီးကလည်း မိမိတို့ တင်သွင်းထုတ်လုပ်ဖြန့်ချိသော ဆေးဝါးများ၊ သုတေသနသုံး စက်ပစ္စည်းကိရိယာများ၊ အထောက်အကူပြု စက်ပစ္စည်းကိရိယာများ အစရှိသည်တို့ကို ညီလာခံကျင်းပသည့်ရက်များအတွင်း ပြခန်းများ ဖွင့်လှစ်ပြသခြင်းဖြင့် သုတေသီပညာရှင်များ ဗဟုသုတတိုးပွားကာ အသိဉာဏ်ပညာပွင့်လန်းလာစေပါသည်။

ဤကဲ့သို့သော မြန်မာနိုင်ငံသားများအတွက် ကောင်းမွန်မှန်ကန် စနစ်ကျသည့် ကျန်းမာရေးစောင့်ရှောက်မှုကို ပေးစွမ်းနိုင်သော သုတေသနပြုလုပ်ချက်များကို သုတေသနစာတမ်းများ၊ သုတေသနပိုစတာများအဖြစ် တင်ပြဖတ်ကြားမည့် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဇီဝကလမ်း အမှတ်(၅) ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)တွင် မကြာမီရက်အတွင်း ကျင်းပပြုလုပ်မည့် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ ၂၀၁၀ ကို ဂုဏ်ပြုကြိုဆိုလိုက်ရပါသည်။ ။

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ် ထန်းတပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော အထကလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဆန်းအောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးမင်းတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးလုပ်ငန်းအဖွဲ့(၁၄) ရန်ကုန်တိုင်းဒေသကြီး စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ (စည်ပင်အတွင်း) အသက်(၇၅)နှစ်ပြည့် အဖွဲ့ဝင်များနှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများအား ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၈ ရက်က ရန်ကုန်မြို့ မြို့တော်ခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့(စည်ပင်အတွင်း)ဥက္ကဋ္ဌ ဗိုလ်မှူးကြီးအောင်သန်းဝင်း(ငြိမ်း)က ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်စဉ်။ (ကြေးမုံ)

ဇန်နဝါရီ ၃ ရက်က အလက(၈) လှိုင် ပုလဲရတနာခန်းမ၌ ကျင်းပသော ပညာရေးစုံညီပွဲတော်၌ စာပေထူးချွန် ဒုတိယဆုရ တတိယတန်းမှ မောင်ဇေယျမင်းမြတ်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်သီသီငွေး ဆုချီးမြှင့်စဉ်။ (ပညာရေး)

တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း ဒီပါဝလီပွဲတော်နှင့် ကောက်သစ်စားပွဲတော် အထိမ်းအမှတ်အခမ်းအနား တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၆

မြန်မာနိုင်ငံလုံးဆိုင်ရာ တမီ(လ်) ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)က ကြီးမှူးကျင်းပသည့် ဒီပါဝလီပွဲတော်နှင့် ကောက်သစ်စားပွဲတော် အထိမ်းအမှတ်အခမ်းအနားကို ဇန်နဝါရီ ၅ ရက် ညပိုင်းတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း တက်ရောက်သည်။

အခမ်းအနားသို့ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးနှင့် နီပေါနိုင်ငံ သံအမတ်ကြီး၊ သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံရုံးမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူး၊ ဝန်ကြီး၊ မြို့တော်ဝန်နှင့် အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးတို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး သတ်မှတ်နေရာများ၌ ဆီမီးထွန်းညှိပေးကြသည်။

ဂုဏ်ပြုစကားပြောကြား

ထို့နောက် ဝန်ကြီးနှင့် တာဝန်ရှိသူတို့က ဂုဏ်ပြုစကားပြောကြားကြသည်။

ဆက်လက်၍ တာဝန်ရှိသူများက ကောက်သစ်စားပွဲတော် အထိမ်းအမှတ် အခမ်းအနားကျင်းပရခြင်းနှင့် စပ်လျဉ်း၍ အသီးသီး ရှင်းလင်းပြောကြားကြပြီး အမှုဆောင်အဖွဲ့ဝင်တစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ဧည့်သည်တော်များအား ယဉ်ကျေးမှုအကပဒေသာများဖြင့် ဖျော်ဖြေခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒီပါဝလီပွဲတော်နှင့် ကောက်သစ်စားပွဲတော် အထိမ်းအမှတ်အခမ်းအနားကို တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း၊ ဝန်ကြီး သူရဦးမြင့်မောင်၊ ရန်ကုန်မြို့တော်ဝန် ဦးအောင်သိန်းလင်းနှင့် အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ပညာရည်ချွန်ဆု ချီးမြှင့်

အထက(၅) တောင်ဥက္ကလာပ၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် မိဘ ဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၂ ရက်က ကျင်းပရာ (၁၈)နှစ်ဆက်တိုက် ခွင့်ရက်မပျက် ဆုရရှိသော အလယ်တန်းပြ ဆရာမဒေါ်ခင်ဖုန်းအား ကျောင်းအုပ်ဆရာကြီး ဦးအောင်ရှိန် ဆုချီးမြှင့်စဉ်။

(ပညာရေး)

ရန်ကုန် ပညာရေးတက္ကသိုလ် မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၆

ရန်ကုန်ပညာရေးတက္ကသိုလ် (၁၆)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဇန်နဝါရီ ၂၉ ရက် (စနေနေ့) နံနက် ၉ နာရီတွင် တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ဒေါက်တာလွင်လွင်စိုး ဖုန်း- ၅၀၃၉၀၄၊ ဦးဝင်းကို ဖုန်း-၅၃၄၄၆၉၊ ဦးအုန်းမြင့် ဖုန်း- ၀၉-၈၀၂၄၁၉၄၊ ဒေါ်တင်တင်ရှု ဖုန်း- ၅၅၇၃၀၉၊ ဦးအေးကြိုင် ဖုန်း- ၅၅၇၆၄၃၊ ဦးမင်းကျော်ဝေ ဖုန်း- ၅၄၄၉၈၀၊ ဦးစံထိုက် ဖုန်း-၀၂-၆၆၄၀၂၊ ဦးကျော်ဝင်းမြင့် ဖုန်း- ၂၁၀၀၂၆၊ ဒေါ်ကြူကြူရွှေ ဖုန်း- ၅၅၄၉၆၄၊ ဦးရှိန်းလိန်းအောင် ဖုန်း- ၅၆၄၂၃၁၊ ဒေါ်ခင်စန်းမြင့် ဖုန်း- ၅၄၂၃၁၇၊ ဒေါ်ရီရီဝင်း ဖုန်း- ၂၄၆၁၃၉၊ ဦးကျော်ဝင်း ဖုန်း- ၀၂-၃၉၁၇၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ရင်ဘတ်ကြီးနဲ့ ချစ်လိုက်မယ်ဇာတ်ကား ဆက်လက်ပြသ

ရန်ကုန် ဇန်နဝါရီ ၆

ဇန်နဝါရီ ၇ ရက် သောကြာနေ့တွင် ရန်ကုန်မြို့လယ် သမ္မတရုံ၌ ဝါဝါဝင်းရွှေ ရုပ်ရှင်ထုတ်လုပ်ဖြန့်ချိရေးမှ သရုပ်ဆောင် ဒါရိုက်တာ ဝါဝါဝင်းရွှေနှင့် တွဲဖက်ဒါရိုက်တာ ဝင်းထွဋ်ဝင်းတို့ ရိုက်ကူးသည့် **"ရင်ဘတ်ကြီးနဲ့ ချစ်လိုက်မယ်"**မြန်မာဇာတ်ကားသစ် ဆက်လက်ပြသမည်ဖြစ်သည်။ ၎င်းဇာတ်ကားတွင် ညွန့်ဝင်း၊ ရန်အောင်၊ ပြေတီဦး၊ သားထူး၊ ဝါဝါဝင်းရွှေ၊ မိုးဟေကို၊ အရိုင်း၊ ဝင်းနိုင်(အနုပညာ)၊ စိုပြေ၊ တက္ကသိုလ်ဂွမ်းပုံ၊ မျိုးမျိုးခိုင်၊ ကစ်ကစ်နှင့် ပွင့်တို့အပြင် သရုပ်ဆောင်များစွာ ပါဝင်ကြသည်။ တစ်ချိန်က မြန်မာရုပ်ရှင်လောကတွင် လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့သည့် အကယ်ဒမီ မင်းသမီးကြီးဖြစ်သည့် ဝါဝါဝင်းရွှေ၏ လက်စွမ်းပြရိုက်ကူးထားသည့် မြန်မာဇာတ်ကားကောင်းတစ်ကား ဖြစ်သည်။

နိုင်ငံခြားရုပ်ရှင်

သွင်ရုံတွင် နာမည်ကြီး အိန္ဒိယ သရုပ်ဆောင် အာရှေးကူးမားပါဝင်သည့် စွန့်စားမှုအသားပေး လျို့ဝှက်သည်းဖိုဇာတ်လမ်းနှင့် ဟာသရောစွက်ထားသည့် TEES MAAR KHAN ဇာတ်ကားပြသမည်ဖြစ်ပြီး မင်္ဂလာရုံတွင် မင်းသားချော ဆဲလ်မန်ခန်းနှင့် နာမည်ကြီး သရုပ်ဆောင် လာရာဒတ်တာတို့ ပါဝင်သည့် PARTNER အချစ်ဇာတ်ကား ပြသမည်ဖြစ်သည်။

ရွှေ့ဆောင်ရုံတွင် စွန့်စားမှုအသားပေး ဇာတ်ကြမ်းကား ကြိုက်နှစ်သက်သူများအတွက် နာမည်ကြီး ကိုရီးယား မင်းသား ဂျန်ဒေါင်ဂန် ပါဝင်သည့် THE WARRIOR'S WAY ဇာတ်ကားပြသမည်ဖြစ်ပြီး နေပြည်တော်ရုံတွင် ကွန်ပျူတာပညာ ကျွမ်းကျင်သူ သားအဖနှစ်ဦး၏ဘဝကို ဇာတ်လမ်းဆင်ရိုက်ကူးထားသည့် TRON; LEGACY ဇာတ်ဆန်းကား ပြသမည်ဖြစ်သည်။

ရင်ဘတ်ကြီးနဲ့ ချစ်လိုက်မယ် ဇာတ်ကားမှ ပြေတီဦးနှင့် မိုးဟေကို။

မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများဖြစ်၍ အများပြည်သူများ သုံးစွဲရန်မသင့်

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ် ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျစစ်ဆေးလျက်ရှိပါသည်။

၂။ ယင်းသို့ စစ်ဆေးရာတွင် ဈေးကွက်အတွင်း ရောင်းချလျက်ရှိသော အောက်ဖော်ပြပါ တိုင်းရင်းဆေးဝါးများသည် တိုင်းရင်းဆေးဝါး မှတ်ပုံတင်ထားခြင်းမရှိသည့် ဆေးဝါးများဖြစ်ပါ၍ စစ်မှန်အစွမ်းထက်မှုကို အာမခံချက်မပေးနိုင်သောကြောင့် အများပြည်သူများ သုံးစွဲရန် မသင့်လျော်ကြောင်း အသိပေးအပ်ပါသည်-

စဉ်	ဆေးဝါးအမည်	ထုတ်လုပ်/ဖြန့်ချိဌာန	မှတ်ချက်
၁	ဒေါ်လှကြွယ်၏ ဥဩဝက်ခြံဆေး	ဇေယျာလမ်း အရှေ့ထိပ်၊ အမက(၃) မြောက်ဘက်၊ အောင်မင်္ဂလာရပ်၊ ကလေးမြို့	မှတ်ပုံတင်မရှိ
၂	မြရတနာ ချွဲကျ လေပုပ်ထုတ်ဆေး	ဦးသိမ်းမောင်၊ ဒေါ်တင်ကြည် ဈေးအတွင်း မြောင်မြို့	မှတ်ပုံတင်မရှိ
၃	ဇမ္ဗူဝင်း သွက်ချာပါဒဆေး	ဦးဘအေး အမှတ်(၄၁/၂)၊ ဇေယျာလမ်း အောင်မင်္ဂလာရပ်၊ ကလေးမြို့	မှတ်ပုံတင်မရှိ
၄	မြသန္တာ ဝမ်းလေသွေးမှန် အကြောသန်ဆေး	ချောင်းဦး၊ အုန်းတော၊ စစ်ကိုင်းမြို့နယ်	မှတ်ပုံတင်မရှိ
၅	ငွေကလပ် ဆေးတို့ဖက်ကြီး (ခေါ်) ညှော်ခံမန်းနိုင်ဆေး	အမှတ်(၃)၊ မြို့ပတ်လမ်း၊ မုံရွာမြို့	မှတ်ပုံတင်မရှိ
၆	ချို- သဗ္ဗသုခ အစာကြေ အားတိုးဆေးလုံး	မြောင်မြို့၊ စစ်ကိုင်းတိုင်းဒေသကြီး	မှတ်ပုံတင်မရှိ
၇	ဆရာရွှေ ခါးပိုက်ဆောင် အခိုးပွင့်လျှာပွတ်ဆေး	နွားလပို့တောင်ရွာ၊ ကနီမြို့နယ်	မှတ်ပုံတင်မရှိ
၈	Saffron အမှုန့်	အမှတ်(၆၉)၊ လမ်းသွယ်(၁) မြေမြင့်ရပ်၊ မြစ်ကြီးနား	မှတ်ပုံတင်မရှိ
၉	နွားမင်း-ကျွဲ နွား မြင်း သိုး ဆိတ် ဝက် လျှာပွတ်ဆေး	ရာဇာမင်း၊ မွေးမြူရေးဆေးဝါးလုပ်ငန်း၊ အမှတ်(၁၉၀)၊ ၈၅ လမ်း၊ ၃၈×၃၉လမ်းကြား၊ မန္တလေးမြို့	မှတ်ပုံတင်မရှိ

၃။ အများပြည်သူများသည် ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ အနောက်တိုင်းဆေး ရောနှောထားသော ဆေးဝါးများကို ဝယ်ယူခြင်းမပြုကြရန်နှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ စူးစမ်းဝယ်ယူသုံးစွဲပါရန် နှိုးဆော်အပ်ပါသည်။

၄။ တိုင်းရင်းဆေးဝါးများ ထုတ်လုပ်ဖြန့်ဖြူးသည့် လုပ်ငန်းရှင်နှင့် ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော အထက်ပါ စံမညီဆေးဝါးများအား ထုတ်လုပ်တင်သွင်း ဖြန့်ဖြူးရောင်းချခြင်း လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက တည်ဆဲဥပဒေအရ ပြင်းထန်စွာ အရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၇-၁-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ တရားတော်
- ၇:၁၅ ၃။ ဓမ္မပူဇာတေး
- ၇:၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၀ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄:၂၅ ၄။ မျိုးချစ်တပ်မတော်
- ၄:၃၅ ၅။ လျှပ်တစ်ပြက်
- ၄:၅၅ ၆။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
- ၅:၀၀ ၇။ ကျန်းမာကြံ့ခိုင်တို့နိုင်ငံ
- ၅:၂၀ ၈။ ကြိုတင်တားဆီးရန်သူမီး
- ၅:၂၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၃၀ ၁၀။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ - တန်ကာနီကာမှ ချင်ပန်ဇီ (အပိုင်း-၄)
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆:၃၀ ၁၃။ "ရွှာ"ဟာသဇာတ်လမ်းတွဲ
- ၆:၄၅ ၁၄။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
- ၇:၀၀ ၁၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း - ကြယ်စင်ညီအစ်မများ (အပိုင်း-၄၄)**
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ နိုင်ငံတကာသတင်း
- ၁၉။ မိုးလေဝသသတင်း
- ၂၀။ သံစဉ်များနှင့်ကမ္ဘာ
- ၂၁။ မှတ်တမ်း
- ၂၂။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၃။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း - အပြုံးပန်းလေးရဲ့ ဖန်ဆင်းရှင် (အပိုင်း-၄၄)**
- ၂၄။ ကမ္ဘာတစ်ခွင်ခရီးစဉ်
- ၂၅။ သင့်အတွက်မနက်ဖြန်
- ၂၆။ အပိတ်နှုတ်ဆက်စကား
- ၂၇။ ပြီးပါပြီ။

☆ကျောဖုံးမှ

ထိုပြင် အထူးဈေးရောင်းပွဲတော်များလည်း ခင်းကျင်းရောင်းချရာ အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ မြန်မာ့စက္ကူနှင့် ဓါတုဗေဒအရောင်းဆိုင်၊ မြန်မာ့အထည်လိပ်လုပ်ငန်း အရောင်းဆိုင်၊ မြန်မာ့အိမ်သုံးပစ္စည်းလုပ်ငန်း အရောင်းဆိုင်၊ မြန်မာ့ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်းအရောင်းဆိုင်၊ မြန်မာ့ကြွေထည် မြေထည်လုပ်ငန်း အရောင်းဆိုင်များ ပါဝင်သည်။

ပြင်ပကုမ္ပဏီများအနေဖြင့်လည်း လူသုံးကုန် ပစ္စည်းများပြပွဲကိုလည်း ကုန်ပစ္စည်းအမျိုးစုံလင်စွာဖြင့်ခင်းကျင်း ရောင်းချခဲ့ကြသည်။ အရောင်းပြခန်းများအပြင် အနယ်နယ်အရပ်ရပ်မှ လာရောက်ရောင်းချကြသော မုံရွာမြို့၊ ပခုက္ကူမြို့မှ သနပ်ခါးသည်များ၊ ပန်းတနော်၊ ဟင်္သာတ၊ ခနောင်ဖြူ မကွေး၊ ပဲခူး၊ မုံရွာ စသည့် အနယ်နယ် အရပ်ရပ်မှထွက်ရှိကြသော စားသောက်ကုန်ဆိုင်များနှင့် လူသုံးကုန်အဝတ်အထည်ဆိုင်များ စသည်ဖြင့် လာရောက်ရောင်းချသောပွဲဖြစ်သည်။ တောင်ငူမြို့ လွှတ်လပ်ရေးအထိမ်းအမှတ်ပွဲ ပွဲခင်းကြီးမှာ ကြက်ပျံမကျ စည်ကားလျက်ရှိသည်။

ပွဲတော်ဈေးခင်းအတွင်း ဤသို့ စိတ်ကြိုက်ရွေးဈေးဝယ်သူနှင့် ဈေးသည်တို့၏ သဘာဝကို တွေ့ရစဉ်။

တောင်ငူခရိုင်တစ်ဝိုက်မှ သနပ်ခါးကြိုက်ကြသော အမျိုးသမီးအများစုမှာလည်း လွှတ်လပ်ရေးပွဲတွင် လာရောက်ခင်းကျင်းရောင်းချသော သနပ်ခါးသည်များကို စောင့်မျှော်ဝယ်ယူကြသည်။ ထိုပွဲရှိ သနပ်ခါးဆိုင်တန်းများတွင် ကပ်ပွေး၊ ဇောင်းပွေး၊ မာလကာပွေး၊ ဥသျှစ်ပွေး စသည့် သနပ်ခါးအမျိုးအစားများကို အဓိကထား၍ မုံရွာမြို့၊ ပခုက္ကူမြို့များမှ သနပ်ခါးသည် အများစု လာရောက်ရောင်းချကြသည်။ ဒေသခံများအနေဖြင့် သနပ်ခါးကို လွှတ်လပ်ရေးပွဲတွင် တစ်နှစ်ပတ်လုံးစာ အားထားဝယ်ယူကြသည်။ ကွင်းအတွင်းမှ ထွက်လာသော အမျိုးသမီးတိုင်း၏ လက်တွင် သနပ်ခါးတုံးများကိုယ်စီဖြင့် တွေ့ရသည်ကများသည်။ “တောင်ငူ လွှတ်လပ်ရေးပွဲကို ကျွန်မတို့အနေနဲ့ နှစ်စဉ် အားထားပြီး လာရောက်ရောင်းချကြတာပါ။ ဒီပွဲမှာ နှစ်စဉ်ရောင်းအား အကောင်းဆုံးပါပဲ။ ဒါကြောင့် ကျွန်မကတော့ ဒီလွှတ်လပ်ရေးပွဲတော်မှာ လာရောက် ရောင်းချရတာ အပျော်ဆုံး ပါပဲ”ဟု ပပဝင်း သနပ်ခါးဆိုင်ပိုင်ရှင် မတာက ပြောသွားသည်။

တောင်ငူမြို့ လွှတ်လပ်ရေးနေ့ပွဲတော်ဈေးခင်းတွင် သနပ်ခါးသည်တို့ကို မြိုင်မြိုင်ဆိုင်ဆိုင် တွေ့ရစဉ်။

အနယ်နယ်အရပ်ရပ်မှ ထွက်ကုန်များရောင်းချရုံသာမက မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပပျောက်သွားစေရန် အငြိမ့်သဘင်များဖြင့်လည်း ကပြဖျော်ဖြေတင်ဆက်ကြသည်။ ထို့ပြင် အားကစားပြိုင်ပွဲများကိုလည်း ပါဝင်ယှဉ်ပြိုင်ကြသည်။ ထိုပွဲတွင် ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ မြန်မာ့ရိုးရာ ခြင်းအလှခတ်၊ စစ်တုရင်၊ ချောတိုင်တက်ပွဲ၊ ခေါင်းအုံးရိုက်စသည့် အားကစားပြိုင်ပွဲများစွာ ပါဝင်ဆင်နွှဲယှဉ်ပြိုင်ကြသည်။

ခြင်းပွဲတွင်လည်း ဝိုင်းခတ်နှင့် တပင်တိုင်ခတ်နည်းများကို အဓိကထား၍ ခတ်ပြသွားခဲ့ကြသည်။ ဝိုင်းခတ်ခြင်းတွင် ခြင်းကြီး(၁၀)မျိုး၊ ခြင်းလတ်(၁၀)မျိုး၊ လက်ရွေးစင် (ခေတ်ဆန်း) (၁၀)မျိုးစသည့် အမျိုး(၃၀)ကို တစ်မျိုးခြင်း အလှခတ်ပြသွားသည်။တပင်တိုင်ခတ်အနေဖြင့်လည်း မန္တလေးမြို့မှ အကယ်ဒမီ မယုယုနိုင်က ဆန်းသစ်သော ခတ်ကွက်မျိုးစုံဖြင့် လှပစွာခတ်ပြသွားသည်ကိုလည်း တွေ့မြင်ခဲ့ရသည်။ “မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်ဖြစ်သည့် မြန်မာ့ရိုးရာခြင်းအလှခတ်ပြိုင်ပွဲများ တိမ်ကောပျောက်ကွယ်မသွားစေရန်နဲ့ ရိုးရာခြင်းရဲ့ အနှစ်သာရကို ပြန်လည် ဖော်ကျူးတဲ့အနေနဲ့လည်း ရိုးရာခြင်းအလှခတ်ပွဲကို ထည့်သွင်းယှဉ်ပြိုင်ပေးခြင်းဖြစ်ပါတယ်”ဟု မြန်မာ့ရိုးရာခြင်းအလှခတ်ပွဲ ဥက္ကဋ္ဌ ဦးငွေဝင်းက ပြောကြားသည်။

လွှတ်လပ်ရေးနေ့အထိမ်းအမှတ်ပွဲကို တောင်ငူမြို့ မိုင်ဒါကွင်း၌ နှစ်စဉ် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ယခင်နှစ်များနည်းတူ ထိန်းသိမ်းကျင်းပလျက်ရှိကြောင်း သိရသည်။

ထို့အပြင် တောင်ငူမြို့လွှတ်လပ်ရေးအထိမ်းအမှတ်ပွဲသည် ဈေးသည်၊ ဈေးဝယ်များဖြင့် စည်ကားရုံသာမက မြန်မာ့ယဉ်ကျေးမှုကို လူငယ်များသိရှိနားလည်စေသည့်အပြင် ဗဟုသုတအထွေထွေရရှိစေသော ပွဲတော်တစ်ခုဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

နေ့ပွဲညပွဲတို့ဖြင့် စည်ကားလှသော တောင်ငူမြို့ လွှတ်လပ်ရေးနေ့အထိမ်းအမှတ် ပွဲတော်ဈေးခင်းမှ မြင်ကွင်းတစ်ကွက်။

Myanmar Book Centre ၏ စာအုပ်ဈေးရောင်းပွဲတော် ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၆

Myanmar Book Centre ၏ တတိယအကြိမ်မြောက် “BOOK-BUFFET ” နှင့် “CLEARANCE SALE” စာအုပ်ဈေးရောင်းပွဲတော်ကို ဇန်နဝါရီ ၁၀ ရက်မှ ၁၆ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း၊ အဆိုပါ စာအုပ်ဈေးရောင်းပွဲတော်မှ ရောင်းရငွေများကို ကျေးရွာစာကြည့်တိုက်များနှင့် ဘုန်းတော်ကြီး စာသင်ကျောင်းများတွင် လိုအပ်နေသော မြန်မာစာအုပ်များ ဝယ်ယူလှူဒါန်း သွားမည်ဖြစ်ကြောင်း သိရသည်။

စာအုပ်များကို အစီအစဉ်နှစ်မျိုးဖြင့် ရောင်းချသွားမည်ဖြစ်ပြီး အစီအစဉ်(၁)မှာ ငွေကျပ် ၁၀၀၀၀ တန် စာအုပ်ဘူးဖေးဖြစ်၍ Book-Buffet ပြုလုပ်မည့်နေရာတွင် ငွေကျပ် ၁၀၀၀၀ ဖြင့် အိတ်အရွယ် ၁၂ လက်မ× ၁၀ လက်မ× ၃ လက်မ တစ်လုံး ဝယ်ပြီး ကြိုက်နှစ်သက်ရာ စာအုပ်ကို အိတ်အပြည့် ထည့်ယူနိုင်သည်။ အစီအစဉ်(၂)မှာ ငွေကျပ် ၂၀၀၀၀ တန်စာအုပ်ဘူးဖေးဖြစ်၍ Book-Buffet ပြုလုပ်မည့်နေရာတွင် ငွေကျပ် ၂၀၀၀၀ ဖြင့် အိတ်အရွယ် ၁၆ လက်မ × ၁၀ ဒသမ ၅လက်မ × ၃ ဒသမ ၅ လက်မ တစ်လုံးဝယ်ပြီး ကြိုက်နှစ်သက်ရာ စာအုပ်ကို အိတ်အပြည့် ထည့်ယူနိုင်သည်။

ဒုတိယအစီအစဉ်အဖြစ် အထူးဈေးနှုန်းသက်သာသော စာအုပ်များကို "CLEARANCE SALE" အဖြစ် ရောင်းချပေးသွားမည်ဖြစ်ပြီး အထူးဈေးနှုန်းသက်သာမည့် Art & Science Book များ၊ Medical၊ Engineering စာအုပ်များ၊ Cook Book များ၊ ကလေးစာအုပ်များကို မူရင်းထုတ်ဝေဈေး၏ 90% Discount အထိ လျှော့ရောင်းမည်ဖြစ်သည်။ ကြိုက်နှစ်သက်ရာစာအုပ်များကို တစ်အုပ်ချင်း Fixed Price ပုံစံဖြင့် ရွေးချယ်ဝယ်ယူနိုင်သည်။ Members များအား 15% Discount နှင့် Non-members များအား 10% Discount ပေးသွားမည် ဖြစ်သည်။

"BOOK - BUFFET" နှင့် "CLEARANCE SALE" အစီအစဉ်ကို Myanmar Book Centre ၏ Outlets များဖြစ်သော ဆိုင်(၁) အမှတ်(၅၅) ဗဟိုလမ်း၊ ဗဟိုလမ်းနှင့် အလုံလမ်းထောင့် အလုံမြို့နယ် ရန်ကုန်မြို့၊ ဆိုင်(၂) အမှတ် (၅၆၁-၅၆၇) အခန်း(၃) မြေညီထပ် MAC Tower(1) ကုန်သည်လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့တို့တွင် နံနက် ၉ နာရီမှ ညနေ ၆ နာရီနှင့် မန္တလေးဆိုင်ခွဲဖြစ်သော Room (429), Level 4, 78 Shopping Centre Mandalay ဆိုင်တွင် နံနက် ၉ နာရီမှ ည ၉ နာရီအထိ တစ်ပြိုင်တည်း ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၇-၁-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅	၂။	မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇း၂၅	၃။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၄။	နံနက်ခင်းသတင်း
၇း၄၀	၅။	သံသာချိုအေးမင်္ဂလာတေး
၇း၅၅	၆။	ကြေးမုံရိပ်သွင်တေးနှုယဉ်
၈း၁၅	၇။	အကပြိုင်ပွဲ
၈း၃၀	၈။	တေးဂီတအစီအစဉ်
၈း၄၀	၉။	International News
၈း၄၅	၁၀။	“ကျန်းမာသန့်ထွား ဉာဏ်မြင့်မား”
၉း၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	တေးဂီတအစီအစဉ်
၄း၂၀	၃။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၄း၃၅	၄။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -တတိယနှစ် (မြန်မာစာအထူးပြု) (မြန်မာစာ)
၄း၅၀	၅။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၄း၅၅	၆။	နှောင်းခေတ်တေးပဒေသာ
၅း၀၀	၇။	အတီးပြိုင်ပွဲ
၅း၁၀	၈။	မြန်မာစာ၊ မြန်မာစကား
၅း၂၅	၉။	တေးဂီတအစီအစဉ်
၅း၃၅	၁၀။	**“ရိုးသားဖြူစင် ကလေးတို့အသွင်”**
၆း၀၀	၁၁။	ညနေခင်းသတင်း
၆း၁၅	၁၂။	မိုးလေဝသအခြေအနေ
၆း၂၀	၁၃။	ရသစုံလင် အင်တာနက်ဥယျာဉ်
၇း၀၀	၁၄။	**နိုင်ငံခြားဇာတ်လမ်းတွဲ “ကာရန်မဲ့ . . . ရင်ခုန်သံ” (အပိုင်း-၂၅) (ဇာတ်သိမ်း)**
၈း၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	“လျှပ်တစ်ပြက်ဟာသများ”
	၁၉။	**နိုင်ငံခြားဇာတ်လမ်းတွဲ “စိတ်ကူးနဲ့ကြမ္မာ”(အပိုင်း-၁၇)**
	၂၀။	သီချင်းချစ်သူ (သျှားအိဘိုဘိုဟန်)
	၂၁။	အစီအစဉ်ပြီး၏။

အထက(၁)ဒဂုံ ၂၀၁၀ - ၂၀၁၁ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၃ ရက်က ကျင်းပရာ ဆဋ္ဌမတန်းမှ မောင်အောင်ကောင်းခန့် နှင့် မပန်းသီရိထွန်းတို့ မောင်ရွှေရိုးနှင့် ချစ်စပယ်အကဖြင့် ညှော်ခံ ဖျော်ဖြေစဉ်။ (ကြေးမုံ)

စစ်ပြီးခေတ် ရန်ကုန်ဟိုက်စကူး ကျောင်းသား၊ ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၆

စစ်ပြီးခေတ် ရန်ကုန်ဟိုက်စကူးကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၃၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၁၆ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လသာမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဗဟိုစံပြခန်းမဆောင်၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် အသေးစိတ်သိရှိလိုပါက ဦးငွေဝင်း ဖုန်း-၅၃၇၉၄၀၊ ဦးဝင်းလှိုင် ဖုန်း-၅၄၉၀၇၀၊ ဦးအောင်ကြွယ်၊ ဦးဉာဏ်ထွန်း ဖုန်း-၅၁၄၈၉၈၊ ဦးအောင်လွင် ဖုန်း-၂၉၀၅၀၁၊ ဒေါ်အနွဲ့ ဖုန်း-၅၅၆၂၁၇နှင့် ဒေါ်ရင်ရင်ကြည် ဖုန်း-၂၂၇၂၁၈၊ ၂၂၆၁၁၃ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

❖ ရှေ့ဖုံးမှ

ဖော်ပေးခဲ့ရာ နိုင်ငံတစ်ဝန်းမှ ပြည်သူများ သွားရေးလာရေး အဆင်ပြေချောမွေ့နေကြပြီဖြစ်သည်။

ယခုဆိုလျှင် နေပြည်တော်အနီးရှိ ပတ်ဝန်းကျင်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး၊ နေပြည်တော်ကို ဗဟိုပြု၍ အခြားဒေသများမှ သွားလာရေးလွယ်ကူစေရန် ကားလမ်းများ၊ ရထားလမ်းများကို နိုင်ငံတော်အစိုးရက ဖောက်လုပ်ပေးလျက်ရှိသည်။ ပျဉ်းမနား-တောင်ညို လမ်းပိုင်း၏ ကျွဲရှင်း လေးလမ်းသွား ကတ္တရာလမ်းမကြီးကို ၂၀၁၀ ခုနှစ် မတ်လ ၁၆ ရက်မှစ၍ အကောင်အထည်ဖော် ဖောက်လုပ်လျက်ရှိပြီး မကြာမီရက်ပိုင်းအတွင်း ပြီးစီးတော့မည်ဖြစ်သည်။

အဆိုပါ လမ်းမကြီးသည် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးကို ဆက်သွယ်ပေးမည့် လမ်းမတစ်ခုဖြစ်ပြီး ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်(၁၁၆) အနီးတွင် တည်ရှိသော ငလိုက်အပန်းဖြေစခန်းကို ပြည်တွင်း၊ ပြည်ပ ခရီးသွားများ သွားလာရလွယ်ကူစေရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြင့် ဖောက်လုပ်နေခြင်းဖြစ်သည်။ ထို့ပြင် ၂၀၁၃ ခုနှစ်၌ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၏ အားကစားနည်းအချို့ကို ယင်းငလိုက်အပန်းဖြေစခန်းတွင် ကျင်းပမည်ဖြစ်ရာ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန်အတွက် ဖောက်လုပ်နေခြင်းဖြစ်ကြောင်းလည်း သိရသည်။

ပျဉ်းမနား-တောင်ညို လေးလမ်းသွား လမ်းမကြီးကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းကတာဝန်ယူ၍ အင်ဂျင်နီယာချုပ် ဦးဝင်းဖေက ကြီးကြပ်ကာ ဖောက်လုပ်နေခြင်းဖြစ်သည်။ ယင်းလမ်းမကြီး၏ မိုင်တိုင် ၁၂/၀ မှ ၁၄/၀ လမ်းပိုင်းကို နေပြည်တော်ခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာမှူး ဦးမောင်မောင်သွင်၊ မိုင်တိုင် ၁၄/၀ မှ ၁၆/၀ လမ်းပိုင်းကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၅)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး (မြို့ပြ) ဦးသန်းတိုးအောင်၊ မိုင်တိုင် ၁၆/၀ မှ ၁၇/၄ လမ်းပိုင်းကို ကျောက်ဆည်ခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာမှူး ဦးစိုးဝင်း၊ မိုင်တိုင် ၁၇/၄ ရှိ ကျွဲရှင်းတံတားကို တံတားအထူးအဖွဲ့(၃) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းအောင်တို့က အသီးသီး တာဝန်ယူ တည်ဆောက် ဖောက်လုပ်နေကြခြင်း ဖြစ်သည်။

နေပြည်တော်ခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူ ဖောက်လုပ်နေသည့် မိုင်တိုင် ၁၂/၀ မှ ၁၄/၀ လမ်းပိုင်းမှာ ၈၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်သည်။ မိုင်တိုင် ၁၄/၀ မှ ၁၆/၀ လမ်းပိုင်းကို တာဝန်ယူဆောက်လုပ်နေသည့် လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၅) ဒုတိယအင်ဂျင်နီယာမှူးကြီး(မြို့ပြ) ဦးသန်းတိုးအောင်က လမ်းပိုင်းပြီးစီးမှုနှင့် ပတ်သက်၍ သတင်းအဖွဲ့ကို ဤသို့ ရှင်းပြသည်။ "ကျွန်တော် တာဝန်ယူဖောက်လုပ်နေတဲ့ လမ်းပိုင်းမှာ လက်ထောက်အင်ဂျင်နီယာ (မြို့ပြ) ဦးပြည်ဖြိုးဆယ်၊ အငယ်တန်းအင်ဂျင်နီယာတွေဖြစ်တဲ့ ဒေါ်မြင့်မြင့်စိုး၊ ဦးဇော်ဝင်း၊ ဦးဝင်းဘော်၊ ဦးငွေထွန်းနဲ့ ဦးဇော်လတ်တို့က အပိုင်းငါးပိုင်းခွဲပြီး ဖောက်လုပ်နေပါတယ်။ တချို့နေရာတွေမှာ မြေသားတွေက မကောင်းတဲ့အတွက် အဲ့ဒါတွေကို ဖယ်ထုတ်ပြီး ကောင်းတဲ့မြေကြီး (Selected Soil) ထည့်ပြီး ကြိတ်ခင်းဖောက်လုပ်ထားရပါတယ်။ ကျွန်တော်တို့လမ်းပိုင်းမှာ တံတားငယ်သုံးခုပါတဲ့အတွက် လမ်းလုပ်ငန်း မစတင်ခင်ကတည်းက အဲဒီတံတားတွေကို အရင်ဆောက်လုပ်ခဲ့ပါတယ်။ ပျဉ်းမနား-တောင်ညိုလမ်းပိုင်းဟာ အရင်ကနှစ်လမ်းသွားလမ်းတစ်ခုဖြစ်ပြီး ကျွန်တော်တို့က လေးလမ်းသွားလမ်းမကြီးအဖြစ် တိုးချဲ့တည်ဆောက်တာပါ။ အရင်က လမ်းရဲ့အကျယ်ဟာ ၁၈ ပေပဲရှိခဲ့ပြီး အခု ၄၈ ပေအထိ တိုးချဲ့ဖောက်လုပ်နေတာပါ။ အရင်လမ်းထက် ပိုကောင်းအောင်နဲ့ အရည်အသွေးပြည့်ဝတဲ့ လမ်းမကြီးဖြစ်လာအောင် ကျွန်တော်တို့က နေ့မအား/ညမနား လုပ်ကိုင်နေကြပါတယ်။ ဒီပျဉ်းမနား-တောင်ညိုလမ်း ပြီးသွားရင် ပျဉ်းမနား-တောင်ညို-တောင်တွင်းကြီး လမ်းပိုင်းအပြင် ပျဉ်းမနား-တောင်ညို-ကန်ပြား-မကွေးလမ်းတို့ကို ဆက်သွယ်မယ့် လမ်းအစပိုင်း ဖြစ်လာမှာပါ"ဟု ဒုတိယအင်ဂျင်နီယာမှူးကြီး (မြို့ပြ) ဦးသန်းတိုးအောင်က ပြောကြားခဲ့သည်။

ကျွဲရှင်း လေးလမ်းသွားစီမံကိန်းသည် အရှည် ငါးမိုင် လေးဖာလုံရှိမည်ဖြစ်ပြီး အကျယ် ၄၈ ပေ ရှိမည်ဖြစ်သည်။ အဆိုပါလမ်းပိုင်း၏ အဆုံးတွင် တည်ဆောက်နေသည့် ကျွဲရှင်းတံတားသည် အရှည်ပေ ၁၈၀ ရှိပြီး ယာဉ်သွားလမ်း ၄၈ ပေ၊ လူသွားလမ်းတစ်ဖက် ၅ ပေစီပါရှိမည်ဖြစ်သည်။ ၎င်းကျွဲရှင်းတံတားသည် နေပြည်တော်ခရိုင် ကျွဲရှင်းကျေးရွာအနီး မိုင်တိုင် ၁၇/၄ တွင် တည်ရှိပြီး တံတားခံနိုင်ဝန် တန် ၆၀၊ ရေလမ်း ကင်းလွတ်ပေ ၆၀ နှင့် အမြင့် ၁၂ ပေရှိကြောင်း သိရသည်။ တံတားအထူးအဖွဲ့(၃) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူတည်ဆောက်နေခြင်းဖြစ်ပြီး သံကူကွန်ကရစ် အမျိုးအစားဖြစ်သည်။

လမ်းတံတားများကို နေရာဒေသမရွေး အကောင်အထည်ဖော် ဆောက်လုပ်ပေးခဲ့သည့် နိုင်ငံတော်အစိုးရ၏ စေတနာကြောင့် မြို့ပြရော နယ်စပ်ဒေသပါမကျန် ဖွံ့ဖြိုးတိုးတက်လာခဲ့ပေပြီ။ ဖောက်လုပ်ပြီးစီးသွားသည့် လမ်းများ၊ ဆက်လက်အကောင်အထည်ဖော်မည့် လမ်းများကြောင့် လမ်းကွန်ရက်သဖွယ် ရုပ်လုံးပေါ်လာတော့မည်ဖြစ်ပြီး နိုင်ငံတစ်ဝန်း လျင်မြန်ချောမွေ့စွာ သွားလာနိုင်တော့မည်ဖြစ်ပါကြောင်း။ ။

လမ်းမကြီး အရည်အသွေးပြည့်မီစွာ ပြီးစီးရေးအတွက် ယန္တရားကြီးများဖြင့် ဆောင်ရွက်နေကြစဉ်။

လမ်းပိုင်းတစ်နေရာအား ကတ္တရာခင်းခြင်း ဆောင်ရွက်နေကြစဉ်။

စိုက်ပျိုးရေးတက္ကသိုလ် အာစရိယပူဇော်ပွဲ ကျင်းပမည်

နေပြည်တော် ဇန်နဝါရီ ၆

စိုက်ပျိုးရေးတက္ကသိုလ် ၁၉၈၂၊ ၈၃၊ ၈၄ ကျောင်းဝင်ပြီး ၁၉၈၇၊ ၉၁၊ ၉၂ ကျောင်းဆင်း စိုက်ပျိုးရေးဘွဲ့ရ ကျောင်းသား၊ ကျောင်းသူများ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဇန်နဝါရီ ၁၅ ရက် ညနေ ၅ နာရီခွဲတွင် စိုက်ပျိုးရေးတက္ကသိုလ်ပန်းခြံမြက်ခင်းပြင်(ရေဆင်း)၌ ကျင်းပမည်ဖြစ်၍ ကိုတိတ်စိန် ဖုန်း- ၀၉-၅၀၉၁၆၈၁၊ မနန်းသန်းမြင့် ဖုန်း- ၀၁-၇၂၂၂၂၀၊ ကိုအောင်မင်း ဖုန်း- ၀၉-၈၆၂၂၄၅၈၊ မသီဂီမြင့် ဖုန်း- ၀၉-၈၃၀၅၀၆၁၊ မမြမြအေး ဖုန်း- ၀၁-၅၆၉၁၀၇၊ မခင်စန်းဝေ ဖုန်း- ၀၁-၇၃၀၄၇၇၉၀၊ စိုင်းခမ်းအင်ဖ ဖုန်း- ၀၉-၂၂၀၀၃၂၉နှင့် ကိုဝင်းဝဏ္ဏဝင်း ဖုန်း- ၀၉-၅၁၅၄၃၅၀ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ရေကြောင်းသတိပေးချက် ထုတ်ပြန်

ရန်ကုန် ဇန်နဝါရီ ၆

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် ၂၀၁၀ ခုနှစ် မတ်လမှ မေလအတွင်း Nearshore Soil Investigation အတွက် Soil Boring Survey ကို တိုင်းတာရေးရေယာဉ် LCT Sumber Carrier 11 ရေယာဉ်ဖြင့် BH2 နေရာ၌လည်းကောင်း၊ Jack-up Pontoon ရေယာဉ်ဖြင့် KP 228 နေရာနှင့် KP 227-228(1/3) နေရာတို့၌လည်းကောင်း ဆောင်ရွက်ခဲ့ရာ LCT Sumber Carrier 11 ရေယာဉ်မှ မြေသားနမူနာယူသည့် တွင်းတူးပိုက်နှင့် Jack-up Pontoon မှ ခြေထောက်များ ကျန်ခဲ့သည်။

ဖော်ပြပါ မြေသားနမူနာယူသည့် တွင်းတူးပိုက်နှင့် Jack-up Pontoon မှ ခြေထောက်များအား ပြန်လည် ဆယ်ယူရေးလုပ်ငန်းများကို မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် Block M-10 အတွင်းရှိ Nearshore Area ဖြစ်သော မော်ကြီးကျေးရွာအနီးတစ်ဝိုက်တွင် MV Sea Princess ရေယာဉ်ဖြင့် ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁၂ ရက်မှ ၃၁ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

MV Sea Princess ဖြင့် ဆယ်ယူရေးလုပ်ငန်းဆောင်ရွက်မည့် တည်နေရာများမှာ အမှတ် A, Point KP 228 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၁ မိနစ် ၅၆ ဒသမ ၁၀၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၅ မိနစ် ၁၅ ဒသမ ၄၆၄ စက္ကန့်၊ အမှတ် B,Point KP 227-228 (1/3) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၁ မိနစ် ၃၅ ဒသမ ၀၀၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၅ မိနစ် ၁၀ ဒသမ ၄၄၀ စက္ကန့်နှင့် အမှတ် C, Point BH2 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၄ မိနစ် ၁၂ ဒသမ ၀၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၁ မိနစ် ၃၃ ဒသမ ၁၆၇ စက္ကန့်တို့တွင် ဖြစ်သည်။

သို့ဖြစ်ပါ၍ မုတ္တမကမ်းလွန် လုပ်ကွက်အမှတ် Block M-10 အတွင်းရှိ Nearshore Area ဖြစ်သော မော်ကြီးကျေးရွာအနီးတစ်ဝိုက်တွင် မြေသားနမူနာယူသည့် တွင်းတူးပိုက်နှင့် Jack-up Pontoon မှ ခြေထောက်များ ပြန်လည်ဆယ်ယူခြင်းလုပ်ငန်းကို MV Sea Princess ရေယာဉ်ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင် ဧရိယာမှ လေးကီလိုမီတာ ပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariner's) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်းနှင့် ငါးဖမ်းကိရိယာများ၏ အထောက်အကူပြုပစ္စည်းများ သွယ်တန်းချထားခြင်း မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားသည်။ (သတင်းစဉ်)

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးခန်းမ၌ ဒီဇင်ဘာ ၃၁ ရက်က ကျင်းပသော ယာဉ်စည်းကမ်းထိန်းသိမ်းရေး ဆွေးနွေးပွဲတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ တွဲဖက်ပြည်နယ် ရဲတပ်ဖွဲ့မှူးကြီး ဝင်းကြည် ရှင်းလင်းဆွေးနွေး ပြောကြားစဉ်။ (ခရိုင်ကညန)

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဓမ္မစေတီလမ်းနေ ဦးဇော်နိုင်မိုး-ဒေါ်ဇာမွန်အိမ် မိသားစုနှင့် B.C.O.Z Collection မှ ဝန်ထမ်းများက တစ်နေ့လုံးစာ အထူးအာဟာရနှင့် ထာဝရဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်၊ အဆောက်အအုံပဒေသာပင်အတွက် ငွေကျပ် သုံးသိန်းငါးသောင်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

အိမ်ရာနေထိုင်မှုနှင့် ပရိဘောဂပြပွဲ SHINE ဆောက်လုပ်ရေး ပါဝင်ပြသ

ရန်ကုန် ဇန်နဝါရီ ၆

Smart Business Group က ကြီးမှူးကျင်းပသည့် အိမ်ရာနေထိုင်မှုနှင့် ပရိဘောဂပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဇန်နဝါရီ ၁ ရက်မှ ၄ ရက်အထိ ခင်းကျင်းပြသခဲ့ရာ SHINE ဆောက်လုပ်ရေးမှ ပါဝင်ပြသခဲ့သည်။

မိသားစုတိုင်း အိမ်ပိုင်ဆိုင်ရမည် ရည်ရွယ်ချက်ဖြင့် SHINE ဆောက်လုပ်ရေးမှ အိမ်ရာများကို ရောင်းချပေးလျက်ရှိရာ ငွေကျပ်ငါးသိန်း ယူဆောင်လာရုံဖြင့် တိုက်ခန်းများ ဝယ်ယူခွင့်ရရှိမည်ဖြစ်သည်။ ထို့ပြင် အဆင့်မြင့် Condo တိုက်ခန်း ဝယ်ယူမည့်သူများသည် ငွေကျပ် ၁၀ သိန်း ယူဆောင်လာရုံဖြင့် ဝယ်ယူခွင့်ရရှိမည်ဖြစ်သည်။ စီးပွားရေးလုပ်ငန်းဆောင်ရွက်ရန် မြေညီထပ်တိုက်ခန်းဝယ်ယူလိုသူများသည် ငွေကျပ် သိန်း ၅၀ စတင်ရင်းနှီးမြှုပ်နှံရုံဖြင့် ပိုင်ဆိုင်ခွင့်ရရှိမည်ဖြစ်သည်။ ထို့ကြောင့် အိမ်ဝယ်မည်ဆိုပါက ရှိုင်း (SHINE)ကို သတိရပါဆိုသည့် ဆောင်ပုဒ်ဖြင့် အိမ်ရာများကို ရောင်းချပေးခဲ့သည်။

ထို့ပြင် ပြခန်းတွင် ကောင်းမြတ်ဇော်အင်တာနေရှင်နယ် ကုမ္ပဏီမှ ဗီယက်နမ်နိုင်ငံထုတ် Viglacera Brand ကြွေပြား၊ ကျောက်ပြား၊ ဘိုထိုင်ဘေစင်များကိုလည်း အရည်အသွေးမြင့်ပြီး ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူရရှိနိုင်မည်ဖြစ်သည်။ Steel Main Door များကိုလည်း ၇ပေ × ၃ ပေ တစ်ချပ်လျှင် ငွေကျပ် ၁၃၉၉၉၉ ဖြင့် အိမ်တိုင်ရာရောက် ပို့ဆောင်ပေးသည့်စနစ်ဖြင့် ရောင်းချပေးလျက်ရှိသည်။

ကိုရီးယားနိုင်ငံ (Helco Korea) ထုတ် Hyundai တံဆိပ် Elevator နှင့် Escalator များကို မြန်မာနိုင်ငံအတွက် တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် တင်သွင်းရောင်းချလျက်ရှိသည်။ အိမ်တွင်းအလှဆင် လုပ်ငန်းများကို Shine Creator Design Group မှ ရေးဆွဲပေးပြီး Shine Home Decoration Group မှ နိုင်ငံတကာအဆင့်မီ လက်ရာများကို ဝယ်ယူသူ စိတ်တိုင်းကျ ပြုလုပ်ပေးလျက်ရှိသည်။

SHINE GROUP OF COMPANIES နှင့် ဆက်သွယ်လိုပါက အမှတ်(၂၉) ဂျိုးဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း- ၃၈၅၃၄၀ နှင့် ၀၉-၅၁၉၂၄၂၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

အိမ်ရာနေထိုင်မှုနှင့် ပရိဘောဂပြပွဲတွင် SHINE ဆောက်လုပ်ရေးမှ ပါဝင်ပြသခဲ့စဉ်။ (သတင်းစဉ်)

မီးငြိမ်းသတ်ခြင်း သရုပ်ပြ

မြဝတီခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသော မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုနှင့် မီးသတ်တပ်ဖွဲ့ဝင်များ စွမ်းရည်ပြ မီးငြိမ်းသတ်ခြင်း သရုပ်ပြ လေ့ကျင့်မှုကို ဒီဇင်ဘာ ၂၀ ရက်က မြဝတီမြို့ ဘုရင့်နောင်ဈေးအတွင်း ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်လွင်ဦး တက်ရောက်ကြည့်ရှုအားပေးစဉ်။ (ခရိုင်ပြန်/ဆက်)

ဟသ်ာတမြို့နယ်၌ ဆောင်းသီးနှံဖြစ်ထွန်းအောင်မြင်မှု ဝန်ကြီး ဦးဌေးဦး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၆

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးသည် တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၁ ရက် နံနက် ၁၁ နာရီခွဲတွင် ဟသ်ာတမြို့နယ် စစ်ကုန်းကျေးရွာ အုပ်စုအတွင်း မိုးစပါးအပြီး ဆောင်းသီးနှံအဖြစ် စိုက်ပျိုးထားသော မတ်ပဲနှင့် နေကြာစိုက်ခင်းများ၏ ဖြစ်ထွန်းအောင်မြင်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးသည် မရမ်းလေးကျေးရွာမှ တောင်သူလယ်သမားများနှင့် တွေ့ဆုံပြီး စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ကိစ္စများကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တွေ့ဆုံ ဆွေးနွေး

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး မရမ်းလေးကျေးရွာမှ တောင်သူလယ်သမားများနှင့် တွေ့ဆုံဆွေးနွေးစဉ်။

(သတင်းစဉ်)

ဝန်ကြီး ဦးမောင်မောင်ဆွေ ပျဉ်းမနားဘိုးဘွားရိပ်သာ နှစ်(၂၀)ပြည့် အထိမ်းအမှတ်အခမ်းအနား တက်ရောက်ငွေလှူဒါန်း

နေပြည်တော် ဇန်နဝါရီ ၆

နေပြည်တော်ခရိုင် ပျဉ်းမနားဘိုးဘွားရိပ်သာ၏ နှစ်(၂၀)ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကို ဇန်နဝါရီ ၁ ရက် မွန်းလွဲ ၁ နာရီခွဲတွင် အဆိုပါ ဘိုးဘွားရိပ်သာ၌ကျင်းပရာ ရှေးဦးစွာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေနှင့်ဇနီး ဒေါ်တင်တင်နွဲ့၊ ဒုတိယဝန်ကြီး ဦးကျော်မြင့်နှင့်ဇနီး ဒေါ်ခင်နွယ်နွယ်နှင့် တာဝန်ရှိသူများက အဘိုးအဘွားများအား အလှူငွေနှင့် ဆေးဝါးပစ္စည်းများကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဘိုးဘွားရိပ်သာ ထမင်းစားဆောင်၌ အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး၊ ဇနီးနှင့် မိသားစုက အလှူငွေကျပ် ငါးသိန်း၊ ဒုတိယဝန်ကြီး၊ ဇနီးနှင့် မိသားစုက အလှူငွေကျပ် တစ်သိန်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနက ငွေကျပ် ၈၄၅၀၀၀၊ ဆောက်လုပ်ရေးဝန်ကြီးဌာနက အလှူငွေကျပ် ၁၀သိန်းနှင့် အခြားဝန်ကြီးဌာနများမှ လှူဒါန်းငွေ စုစုပေါင်း ငွေကျပ် ၈၆၆၈၀၈၀ တို့ကို ပေးအပ်လှူဒါန်းကြရာ ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ရှင်းက လက်ခံပြီး ဂုဏ်ပြုလွှာပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များသည် ပင့်သံဃာတော်များနှင့် သီလရှင်များအား ဆွမ်းဆန်စိမ်း ဆက်ကပ်လှူဒါန်းကြပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပေးအပ်လှူဒါန်း

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေနှင့် ဇနီး ဒေါ်တင်တင်နွဲ့တို့ အဘိုးအဘွားများအား အလှူငွေနှင့် ဆေးဝါးပစ္စည်းများကို ပေးအပ်လှူဒါန်းကြစဉ်။

(သတင်းစဉ်)

အထက(၃)တာမွေ အာစရိယပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၆

အထက(၃)တာမွေတွင် ၁၉၈၅ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ အထက်တန်းပညာ သင်ကြားခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၂၃ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ယင်းကျောင်း အားမာန်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဦးထွန်းထွန်းအေး ဖုန်း-၀၉-၅၁၆၄၅၅၆၊ ဒေါ်သူသူဆန်း ဖုန်း-၀၉-၅၀၃၇၀၃၁၊ ဦးဇော်မင်း ဖုန်း-၀၉-၈၆၂၀၃၀၉၊ ဦးမောင်မောင်ထွန်း ဖုန်း-၀၉-၅၁၁၇၅၃၅၊ ဒေါ်နီနီဝင်း ဖုန်း-၀၉-၅၄၁၅၀၀၉၊ ဦးဇော်ဟိန်း ဖုန်း-၀၉-၅၀၁၉၆၃၀ နှင့် ဒေါ်မေသွယ်ခိုင် ဖုန်း-၀၉-၅၁၅၁၇၄၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ပေါက်ခေါင်းမြို့နယ်အသင်း (ရန်ကုန်) သင်းလုံးကျွတ် စည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၆

ပေါက်ခေါင်းမြို့နယ်အသင်း(ရန်ကုန်)၏ သင်းလုံးကျွတ်အစည်းအဝေးကို ဇန်နဝါရီ ၂၃ ရက် နံနက် ၉ နာရီတွင် စံပြဖဆပလရပ်ကွက် သာသနာ့ဟိတကာရီမွှာရုံ (မင်္ဂလာတောင်ညွန့်)၌ ကျင်းပမည်ဖြစ်ရာ ဇန်နဝါရီ ၁၄ ရက် နောက်ဆုံးထား၍ ဆရာကြီးဦးထွန်းမြ ဖုန်း-၀၁-၃၈၇၅၃၄၊ ၆၆၅၃၄၇၊ ၀၉-၈၀၃၀၇၃၄၊ ဦးဌေးအောင် ဖုန်း-၀၁-၂၉၇၈၇၆၊ ဦးကြိုင်အေး ဖုန်း-၀၁-၂၁၇၀၀၃၊ ဦးသွေးမြင့် ဖုန်း-၀၁-၅၈၀၆၁၈၊ ဒေါ်ခင်လေးမြင့် ဖုန်း-၀၉-၅၀၇၇၈၀၃နှင့် ဒေါ်ခင်အေးဆွေ ဖုန်း-၀၁-၆၈၁၄၆၇ တို့သို့ ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

လေအေးပေးစက်များ နှစ်သစ်ကူးကာလအတွင်း အထူးဈေးနှုန်းဖြင့် ရောင်းချ

ရန်ကုန် ဇန်နဝါရီ ၆

မြန်မာနိုင်ငံတွင် ပထမဦးဆုံး လေးနှစ်အာမခံဖြင့် ရောင်းချပေးနေသော AUX အမှတ်တံဆိပ် လေအေးပေးစက်များကို နှစ်သစ်ကူးကာလအတွင်း အထူးဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

AUX လေအေးပေးစက်များသည် စွမ်းအင်ချွေတာသည့် Dual Rotor Compressor ပါဝင်သောကြောင့် သဘာဝပတ်ဝန်းကျင်နှင့် ကိုက်ညီစေကြောင်း၊ အရည်အသွေးမြင့်ပစ္စည်းများ အသုံးပြုထားသော်လည်း ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူသုံးစွဲနိုင်ကြကြောင်း၊ ထို့ပြင် Auto Restart System ပါရှိခြင်း၊ အအေးနှုန်းလျင်မြန်ခြင်း၊ အအေးဧရိယာပိုမိုကျယ်ပြန့်ခြင်း၊ Digital Display ပါရှိခြင်း၊ 4 Way System Air-Flow ပါရှိခြင်း၊ Japanese Branded Compressor and Circuit အသုံးပြုထားခြင်း၊ အရည်အသွေးမြင့် ပစ္စည်းများကိုသာ အသုံးပြုထားသည့်အတွက် Long Time Quality ဖြစ်ခြင်း စသည့် အချက်များကြောင့် သုံးစွဲသူများ၏ ကြိုက်နှစ်သက်ခြင်းကို အထူးရရှိလျက်ရှိကြောင်း သိရသည်။

အရည်အသွေးမြင့်မားပြီး မြန်မာပြည်တွင် ပထမဦးဆုံး လေးနှစ်အာမခံထားသော AUX လေအေးပေးစက် ၂၀၁၁ ခုနှစ် နှစ်သစ်ကူးကာလအတွင်း 5% Discount အပြင် Safeguard Free လက်ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

AUX အမှတ်တံဆိပ် လေအေးပေးစက်များကို လေ့လာခြင်း၊ ဝယ်ယူအားပေးခြင်းတို့ကို အမြို့မြို့အနယ်နယ်ရှိ အရောင်းကိုယ်စားလှယ်ကြီးများထံတွင်လည်းကောင်း၊ တစ်ဦးတည်း ကိုယ်စားလှယ် ဖြစ်သည့် United Asia Co.,Ltd. အမှတ်(၂၂၅) အနော်ရထာလမ်း (၁၁)လမ်းနှင့် လှည်းတန်းလမ်းကြား လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၁၀၈၃၄၊ ၂၁၈၀၂၁နှင့် Fax -၀၀၉၅-၁-၂၂၈၃၈၄တို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

အမြို့မြို့အနယ်နယ်တွင် သာယာစည်ပင်

ငါန်းဇွန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပန်းခြံအတွင်း သန့်ရှင်းသာယာမှုရှိစေရေး ဝန်ထမ်းများ ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးဝင်းဗိုလ် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ခဲ့သည့် ကြံ့ခိုင်ရေးရပ်ကွက် ယုဇနလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၄ ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်၊ အမှုဆောင်အရာရှိ ဦးမြင့် (လက်ထောက်ညွှန်ကြားရေးမှူး)နှင့် ရပ်မိရပ်ဖတစ်ဦးတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ (ကြေးမုံ)

ဖျာပုံမြို့နယ် မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၁၇ ရက်က အထက(၁)ကျောင်းခန်းမ၌ ကျင်းပရာ ခရိုင်မီးသတ်ဦးစီးအရာရှိ ဦးသန်းနိုင် မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောစဉ်။ (၅၄၀)



ဇီးကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရွာမလမ်း ကတ္တရာ ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးအောင်မိုးဦး ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဒီမောဆိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ယာဉ်၊ စက်၊ ယန္တရားများ ကြံ့ခိုင်ကောင်းမွန်ရေးအတွက် နိုဝင်ဘာ ၂၇ ရက်က ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဝင်းမောင် ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မင်္ဂလာဆည်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့၊ အရှေ့ပိုင်းရပ်ကွက်၊ လမ်းမတော်လမ်း၊ အိမ်အမှတ်(၆)နေ
ဦးစိုးလင်း-ဒေါ်ခင်စန်းဝင်း(အလက-ငြိမ်း)တို့၏တစ်ဦးတည်းသောသား၊ (ဦးသိန်းထွန်း)-ဒေါ်ခင်မြင့်၊
ဦးညွန့်ရွှေ-ဒေါ်သန်းသန်းရည်၊ ဦးကျော်ဆွေ-ဒေါ်ဇင်ဝင်းမာတို့၏တူ

မောင်ဇာနည်မင်း B.C.Sc(UCSY)

ဒုတိယအကောက်ခွန်မှူး
စုံစမ်းစစ်ဆေးရေးဌာနခွဲ၊ အကောက်ခွန်ဦးစီးဌာန

နှင့်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အင်းစိန်လမ်း၊ အမှတ်(၃၇)၊ (၅-A)နေ
ဦးလှမျိုး(အကောက်ခွန်)-ဒေါ်ဘေဘီတို့၏သမီးကြီး၊
ဦးကျော်ကျော်ဝင်း(ဒုတိယအကောက်ခွန်မှူး)-ဒေါ်နွယ်မာမျိုး B.A(Eco)တို့၏အစ်မ၊

မဝေလွင်မျိုး(ခ)လွင်လွင်ပို
B.A(Eco)

တို့၏ ၂၆-၁၂-၂၀၁၀ရက်(တနင်္ဂနွေနေ့) I.B.C (International Business Center)တွင် ကျင်းပပြုလုပ်သော မင်္ဂလာဆည်ခံပွဲတွင် မြန်မာ့ယဉ်ကျေးမှုအစဉ်အလာနှင့်အညီ စုလျားရစ်ပတ်လက်ထပ်ကာ အောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာအောင်လက်စွပ်ဆင်မြန်းဝတ်ဆင်ပေးပါသော ဦးသူရိန်ဇော်[ဒုတိယဝန်ကြီး အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန]နှင့်ဇနီး ဒေါ်တင်အုန်းမြင့်၊ ကိုယ်တိုင်တက်ရောက်ချီးမြှင့်ကြပါသော ဌာနဆိုင်ရာအကြီးအကဲများနှင့်ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာလက်ဖွဲ့များပေးပို့ချီးမြှင့်ကြသော ဦးလှသိန်းဆွေ(ဒုတိယဝန်ကြီး၊ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန)နှင့်ဇနီးဒေါ်သီတာဝင်း၊ ဦးစံသောင်း(ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန်ဦးစီးဌာန)နှင့်ဇနီး ဒေါ်သီတာလွင်၊ ဦးဝင်းကို(ညွှန်ကြားရေးမှူးချုပ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကော်မရှင်ရုံး)နှင့်ဇနီး ဒေါ်ခင်သန်းလှ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ကေတုဝင်းထွဋ်၊ သတို့သားအရံ မောင်မင်းသက်ခိုင်၊ သတို့သမီးအရံ မပွင့်ဖူးဝေ၊ မင်္ဂလာပန်းကြဲပေးကြသော သမီးလေးမဆုဝေထက်၊ အောင်မင်္ဂလာပန်းကုံးနှင့် မင်္ဂလာအောင်လက်စွပ်ဗန်းကိုင်ဆောင်ပေးသော မနှင်းဦးဝေတို့အားလည်းကောင်း၊ မင်္ဂလာအခါတော်သီချင်းသီဆိုပေးသော တေးသံရှင် ပိုးအိစံ၊ မင်္ဂလာတေးသံသာများဖြင့် သီဆိုဖျော်ဖြေပေးကြသောတေးသံရှင်များနှင့် တီးမှုတ်ဖျော်ဖြေပေးသော စန္ဒရားသိန်းမြင့်သန်း တေးဂီတအဖွဲ့တို့အားလည်းကောင်း၊ မိတ်ကပ်ဝတ်စုံနှင့် ဆံပင်အလှပြုပြင်ပေးသော ထွန်းထွန်းလင်း(ဗိုလ်ချုပ်ဈေး)နှင့်အဖွဲ့၊ ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းတင်ရိုက်ကူးပေးသော ဓာတ်ပုံဦးကိုကိုလေး(I.B.C)၊ ဗီဒီယို ဦးစိုးလွင်ဦး(I.B.C)၊ I.B.C မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူအားလုံးတို့အားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးအထူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဇာနည်မင်း-မဝေလွင်မျိုး(ခ)လွင်လွင်ပို

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက်က တောင်ဥက္ကလာပမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ခန်းမ၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော လွတ်လပ်ရေးနေ့ သဝဏ်လွှာကို မြို့နယ်ဥက္ကဋ္ဌ ဦးချစ်သိန်း ဖတ်ကြားစဉ်။ (၆၃)

သဝဏ်လွှာဖတ်ကြား

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က သဃ်န်းကျွန်းမြို့နယ်ခန်းမ၌ ကျင်းပရာ နိုင်ငံတော် **အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး** သန်းရွှေထံမှ ပေးပို့သော လွတ်လပ်ရေးနေ့ သဝဏ်လွှာကို မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင် ဖတ်ကြားစဉ်။

(၅၀၆)

သန့်ရှင်းရေးဆောင်ရွက်

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ပေါင်းတည်မြို့နယ် ရဲတပ်ဖွဲ့မှ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒု-ရဲမှူးစံဝေ၊ **စခန်းမှူး ရဲအုပ်လှထွန်းနှင့် တပ်ဖွဲ့ဝင် ၃၅ ဦးတို့ ဒီဇင်ဘာ ၂၆ ရက်က** ပေါင်းတည်မြို့နယ် ဆေးရုံဝင်းအတွင်း သန့်ရှင်းရေးလုပ်အားပေး ဆောင်ရွက်စဉ်။

(၁၃၅)

ချယ်လ်ဆီးရှုံးပွဲကြုံသည့် ရာသီဝက် နောက်ဆုံးပွဲစဉ်များ

လန်ဒန် ဇန်နဝါရီ ၆

ပရီမီယာလိဂ်ရာသီဝက်၏ နောက်ဆုံးပွဲစဉ်ဖြစ်သည့် ပွဲစဉ်(၂၂)ကို ကြာသပတေးနေ့ နံနက်ပိုင်းက ကျင်းပခဲ့ရာ အာဆင်နယ်နှင့် မန်စီးတီးတို့ပွဲမှာ သရေကျခဲ့ပြီး ချယ်လ်ဆီးအသင်း ရှုံးပွဲကြုံခဲ့သည်။

ချယ်လ်ဆီးရှုံးပွဲကြုံ

မိုလီနော့ဗ်ကွင်းတွင် ကစားခဲ့သည့် ဝုလ်ဗာဟမ်တန်နှင့် ချယ်လ်ဆီးတို့ပွဲတွင် အိမ်ရှင်ဝုလ်ဗာဟမ်တန်က တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရသွားသည်။ ယင်းဂိုးမှာ ပွဲချိန် ၅ မိနစ်တွင် ဝုလ်ဗာဟမ်တန်အသင်း ညာထောင့်ကန်ဘောကန်တင်ရာ ချယ်လ်ဆီး နောက်ခံကစားသမား ဘော့စင်ဝါနှင့်ထိ၍ ဂိုးဝင်သွားခြင်းဖြစ်သည်။

အမ်းမရိတ်တွင် ကစားခဲ့သည့် အာဆင်နယ်နှင့် မန်စီးတီးတို့ပွဲမှာ အကြိတ်အနယ်ရှိသည့် ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သည်။ အိမ်ရှင်အာဆင်နယ်အသင်း ဂိုးသွင်းခွင့် အမြောက်အမြားရရှိခဲ့သော်လည်း မန်စီးတီးနောက်တန်းနှင့် ဂိုးသမား ဂျိုးဟတ်တို့ လက်စွမ်းပြနေ၍ ဂိုးရယူနိုင်ခြင်းမရှိဘဲ သရေကျကာ တစ်မှတ်စီခွဲယူခဲ့ရသည်။ ယခုပွဲတွင် အာဆင်နယ်မှ ဆဂ္ဂနာနှင့် မန်စီးတီးမှ ဇာဘလက်တာတို့ အနီကတ်ပြထုတ်ပယ်ခံခဲ့ရသည်။

အခြားပွဲစဉ်များတွင် ဆန်းဒါးလန်းက ဗီလာကို တစ်ဂိုး-ဂိုးမရှိ၊ ဘလက်ဘန်းက လီဗာပူးကို သုံးဂိုး-တစ်ဂိုး၊ အဲဗာတန်က စပါးကို နှစ်ဂိုး-တစ်ဂိုး၊ နယူးကာဆယ်က ဝက်စ်ဟမ်းကို ငါးဂိုး-ဂိုးမရှိတို့ဖြင့် အသီးသီး အနိုင်ရကာ ဘော်လ်တန်နှင့် ဝီဂန်တို့ပွဲမှာ တစ်ဂိုးစီသရေကျသွားသည်။

အင်တာနက်။

ထောင့်ကန်ဘောမှတစ်ဆင့် ချယ်လ်ဆီးဘက်သို့ ဂိုးဝင်သွားစဉ်။

အိဗန်နိုဗစ် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲဝင်မည်

လန်ဒန် ဇန်နဝါရီ ၆

အသက် (၂၄)နှစ်ရှိ ဆာဘီးယားနိုင်ငံသူ အိဗန်နိုဗစ်သည် ဇန်နဝါရီ ၁၇ ရက်မှ ၃၀ ရက်အထိ ကျင်းပမည့် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ အိဗန်နိုဗစ်**(ယာပုံ)**သည် လတ်တလောအချိန်တွင် Hopman Cup တင်းနစ် ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။

ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲမှာ နှစ်တစ်နှစ်အတွင်း ပထမဦးဆုံးကျင်းပသည့် ဂရင်းဆလင်းပြိုင်ပွဲတစ်ခုဖြစ်သည်။ အဆိုပါ တင်းနစ်ပြိုင်ပွဲသို့ ကမ္ဘာ့အဆင့် (၁) တင်းနစ်မယ် ဝေါဇနက်ကီအပါအဝင် ဗီလျံညီအစ်မ၊ မာရီယာရှာရာပိုဗာ၊ ဟေနင်စသည့် နာမည်ကြီးတင်းနစ်မယ်များ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ***အင်တာနက်။***

ဝင်းတင် (ကြေးမုံ)

အက်ဖ်အေဖလားတတိယအဆင့်တွင် ယမန်နှစ်က သင်ခန်းစာကိုယူမည်ဟု ဖာဂူဆန်ဆို

မန်ချက်စတာ ဇန်နဝါရီ ၆

မန်ယူမန်နေဂျာ ဖာဂူဆန်က လီဗာပူးနှင့်ကစားရမည့် အက်ဖ်အေဖလား တတိယအဆင့်ပွဲတွင် အင်အားတောင့်တင်းသောအသင်းနှင့် ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ယမန်နှစ်က တတိယအဆင့်တွင် လိဒ်ယူနိုက်တက်အသင်းကို အရန်ကစားသမားအများစုနှင့် ယှဉ်ပြိုင်ခဲ့မိသောကြောင့် ရှုံးနိမ့်ခဲ့ရသော အမှားမျိုး ထပ်မံပြုလုပ်တော့မည်မဟုတ်ဟု ပြောကြားလိုက်သည်။

ထိုအရှုံးသည် အက်ဖ်အေဖလား ငါးကြိမ်ရ ဖာဂူဆန်၏ မန်ယူကို ၁၉၈၆ ခုနှစ်တွင် စတင်ကိုင်တွယ်ချိန်ကစ၍ အိုးထရက်ဖို့ဒ်တွင် တတိယအဆင့်၌ ပထမဆုံးအရှုံး ဖြစ်သည်။

"ဒီတစ်ကြိမ်တော့ ပိုတောင့်တင်းတဲ့ အသင်းကိုရွေးမှာပါ။ မနှစ်က အမှားမျိုး ထပ်မလုပ်တော့ပါဘူး" ဟု ဖာဂူဆန် **(ဝဲပုံ)**က ဆိုသည်။ ***အင်တာနက်။***

ကစားသမားသစ် ခေါ်ယူမည်မဟုတ်ဟု မော်ရင်ဟိုပြောကြား

ဘာစီလိုနာ ဇန်နဝါရီ ၆

ရီးယဲယ်နည်းပြ ဟိုဆေးမော်ရင်ဟိုက လက်ရှိ အပြောင်းအရွှေ့ကာလတွင် ၎င်းအလိုရှိနေသော တိုက်စစ်မှူးတစ်ဦးကို ခေါ်ယူနိုင်တော့မည်မဟုတ်ဟု သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားခဲ့သည်။ **(ယာပုံ)**

ထိုပေါ်တူဂီသား နည်းပြကြီးသည် မကြာမီ ခွဲစိတ်မှုခံယူရတော့မည့် တိုက်စစ်မှူး ဂွန်ဇာလိုဟီဂူအင်နှင့် ခြေစွမ်း မတည်ငြိမ်သေးသော ကာရင်ဘန်ဇီမာ တို့ကြောင့် နောက်ထပ် တိုက်စစ်မှူးတစ်ဦး ခေါ်ယူလိုနေသည်ဟု သတင်းတစ်ရပ်က ဆိုသည်။

"အသင်းဥက္ကဋ္ဌနဲ့ စကားပြောပြီးပြီ။ ဘာမှအကြောင်းမထူးဘူး။ ကစားသမားသစ် ခေါ်ယူနိုင်ဖွယ်မရှိဘူး"ဟု မော်ရင်ဟို က ဆိုသည်။

"အသင်းမှာကစားသမားကောင်းတွေ အများကြီးရှိပေမယ့်လည်း ကံဆိုးတာက တိုက်စစ်မှူးစစ်စစ်က ဘန်ဇီမာ တစ်ဦးပဲရှိတယ်"ဟု သူက ညည်းတွားခဲ့သည်။

"ဘန်ဇီမာမကစားနိုင်တဲ့အခါကျရင်တော့ ပွဲထွက်စာရင်းကို အပြောင်းအလဲလုပ်ပြီး ပုံစံပြောင်းကစားရပါမယ်။ လူငယ် တိုက်စစ်ကစားသမား အယ်ဗာဂို မော်ရက်တာက ပထမပွဲထွက် အသင်းမှာ ကစားနိုင်ဖို့ အဆင့် မဖြစ်သေးဘူး"ဟု ၎င်းက ပြောကြားခဲ့သည်။ ***အင်တာနက်။***

ရီးယဲလ် နောက်ခံလူ ပီပီအား မန်ယူအသင်းခေါ်ယူရန် ကမ်းလှမ်းဖွယ်ရှိ

မန်ချက်စတာ ဇန်နဝါရီ ၆

မန်ချက်စတာ ယူနိုက်တက်အသင်းသည် အသင်းနှင့် စာချုပ်သက်တမ်းတိုးရေး ဆွေးနွေးနေဆဲဖြစ်သည့် ရီးယဲလ် နောက်ခံလူ ပီပီအားခေါ်ယူရန် ကမ်းလှမ်းတော့မည်ဟု သတင်းတစ်ရပ်က ဆိုသည်။

ပေါ်တူဂီသား နောက်ခံကစားသမား ပီပီသည် ရီးယဲလ်အသင်းနှင့် စာချုပ်သက်တမ်းမှာ ၂၀၁၂ တွင် ကုန်ဆုံးမည်ဖြစ်ပြီး နှစ်ဖက်စလုံးသည် လစာကိစ္စ ဆွေးနွေးရာတွင် သဘောတူညီမှုမရသေးဟု ဆိုသည်။

မန်ယူနည်းပြကြီး ဆာအဲလက်စ် ဖာဂူဆန်သည် ရီယိုဖာဒီနန်၏ နေရာတွင် အရည်အချင်းရော အတွေ့အကြုံပါရှိသည့် အသက် ၂၆ နှစ်အရွယ်ရှိ ပီပီနှင့် အစားထိုးလိုနေသည်ဟု 'AS'စာစောင်က မှတ်ချက်ပြုပြောကြားထားသည်။

ပီပီ၏ အေးဂျင့်နှင့် ရီးယဲလ် ဒါရိုက်တာ ဂျော့ဗယ်ဒါနိုတို့နှစ်ဦး၏ ဆွေးနွေးပွဲမှာ ပြီးခဲ့သည့် အောက်တိုဘာလတွင် ရပ်ဆိုင်းသွားခဲ့သည်။ ရီးယဲလ်အသင်းကလည်း ဘော့စမန်စည်းမျဉ်းအရ ကစားသမားသည် အသင်းမှ ထွက်ခွာ၍ မရနိုင်ဟူသော အချက်ဖြင့် ကစားသမားအား အသင်းမှာ ဆက်ထိန်းထားရန် မျှော်လင့်နေသည်။ ***အင်တာနက်။***

စိုးတင့်နိုင်

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

ရိုးရာယဉ်ကျေးမှုကို ဆက်လက်ထိန်းသိမ်းလျက်ရှိသည့် တောင်ငူမြို့ လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပွဲတော်

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ - စိုးမာမာ

(၆၃)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပြပွဲ ပြိုင်ပွဲများကို ဇန်နဝါရီ ၂ ရက်မှ ၈ ရက်အထိ ခုနစ်ရက်ကြာ ကျင်းပလျက်ရှိသည်။

အဆိုပါ လွတ်လပ်ရေးနေ့အထိမ်းအမှတ်ပွဲတွင် မြန်မာမှု အစဉ်အလာများ တိမ်ကောပျောက်ကွယ်မသွားစေရန် ရည်ရွယ်၍ပြသသော ပြပွဲပြိုင်ပွဲများ၊ ဖွံ့ဖြိုးတိုးတက်လာသော လူနေမှုအဆင့်အတန်းနှင့်အညီ

တောင်ငူမြို့ လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပွဲတော်တွင် ရိုးရာခြင်းအလှခတ်ပြိုင်ပွဲဝင် အမျိုးသမီးတစ်ဦး၏ ခြင်းလုံးခတ် ကျွမ်းကျင်မှု စွမ်းရည်ပြပုံတစ်ကွက်။

လိုက်လျောညီထွေဖြစ်စေသည့် ပြကွက်များ၊ အစဉ်တိုးတက်ပြောင်းလဲထုတ်လုပ်နေသော လူသုံးကုန်ပစ္စည်းများ၊ ဌာနဆိုင်ရာအသီးသီးမှ ပြခန်းများ၊ အားကစားပြိုင်ပွဲအမျိုးမျိုး၊ ကုန်ပစ္စည်းအရောင်းဆိုင်များ၊ စက်မှု(၁)ဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ဆိုင်ခန်းများ၊ အနယ်နယ်အရပ်ရပ်မှ ဒေသထွက်ကုန်ပစ္စည်းအရောင်းဆိုင်များ၊ ရိုးရာဓလေ့ ဇာတ်သဘင်များစသည်တို့ကို စတုရန်းပေ ၁၇၁၁၀၀၀ အကျယ်အဝန်းရှိသော မိုင်ဒါကွင်းအတွင်း၌ ခင်းကျင်းပြသလျက်ရှိသည်။

ယင်းပြပွဲတွင် ပါဝင်ပြသလျက်ရှိသည့် ပြခန်းများသည် လူငယ်များ အသိပညာဗဟုသုတများ တိုးပွားစေရန်အတွက် ရည်ရွယ်ခင်းကျင်းပြသသည့် ပြခန်းအများစုပါဝင်ကြောင်း သိရသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနပြခန်းတွင် ဟင်းသီးဟင်းရွက်နှင့်ပန်းမန်ပြပွဲ ပြိုင်ပွဲများကိုပါ ထည့်သွင်းကျင်းပသွားသည်။ ပန်းချီ၊ ပန်းပုပြခန်းတွင် မြန်မာတို့၏ ယဉ်ကျေးမှုများမသေ့ဖည်သွားစေရန် ပန်းချီ၊ ပန်းပုများကို ရသပေါင်းစုံဖြင့် ခင်းကျင်းပြသထားသည်။ ပို့ဆောင်ရေးဝန်ကြီးဌာနပြခန်းတွင်လည်း ကုန်းလမ်းပို့ဆောင်ရေးမှ ယာဉ်စည်းကမ်းမလိုက်နာမှုကြောင့် ဖြစ်ပွားတတ်သည့် ယာဉ်တိုက်မှုဖြစ်စဉ်များကို ပြည်သူများ သတိပြုဆင်ခြင်နိုင်ရန်အတွက် အသိပေးပြသထားသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့☆

ထူးခြားသည့်ညအပူချိန်များ

၆ - ၁ - ၂၀၁၁

ပူတာအို	၄ ဒီဂရီစင်တီဂရိတ်
ကသာ	၅ ဒီဂရီစင်တီဂရိတ်

ရောဝတီယူနိုက်တက်အသင်း လွှဲပြောင်းလက်ခံခြင်း အခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၆

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲဝင် ရောဝတီတိုင်းဒေသကြီးကိုယ်စားပြု ရောဝတီယူနိုက်တက်အသင်းအား လွှဲပြောင်းလက်ခံခြင်း အခမ်းအနားကို ဇန်နဝါရီ ၄ ရက် ည ၇ နာရီက ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အမှုဆောင်များ၊ ရောဝတီယူနိုက်တက်ဘောလုံးအသင်း နာယက ဦးစိုးဟန်လင်း၊ ဥက္ကဋ္ဌ ဦးရန်ဝင်းနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ စာနယ်ဇင်းမီဒီယာများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် ရောဝတီယူနိုက်တက်ဘောလုံးအသင်း နာယက ဦးစိုးဟန်လင်းတို့က အမှာစကားပြောကြားသည်။ ယင်းနောက် ရောဝတီယူနိုက်တက်အသင်း ဥက္ကဋ္ဌ ဦးရန်ဝင်းက အသင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ရောဝတီယူနိုက်တက်အသင်းအား လွှဲပြောင်းလက်ခံရန် အသင်းပိုင်ရှင်ဟောင်း Premier Coffee Co.,Ltd. မှ တာဝန်ရှိသူများနှင့် ရောဝတီယူနိုက်တက်အသင်းနာယက ဦးစိုးဟန်လင်း၊ ဥက္ကဋ္ဌ ဦးရန်ဝင်းတို့က လက်မှတ်ရေးထိုးကြသည်။ **(အပေါ်ပုံ)**

ရောဝတီယူနိုက်တက်ဘောလုံးအသင်းကို ရောဝတီတိုင်းဒေသကြီးအတွင်းမှ စီးပွားရေးလုပ်ငန်းရှင် ၂၆ ဦးက ပူးပေါင်းကာ ဆောင်ရွက်နေခြင်းဖြစ်ပြီး ၂၀၁၁ ခုနှစ် MNL ပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန်အတွက် ပြင်ဆင်မှုများစွာ ပြုလုပ်လျက်ရှိကြောင်း သိရသည်။ (ကြေးမုံ)